# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၃၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို မွန်းလွဲ ၁၃း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန်၊ ၁၃ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၀) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ ၂၀-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၁၈ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၂၂ ဦးရှိ၍ စုစုပေါင်း ကိုယ်စားလှယ် ၄၀ ဦး ခွင့်တိုင်ကြားထားပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၂၂ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၁၀ ဦး၊ ခွင့် ၂ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၆ ဦး၊ ခွင့် ၃ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၁ ဦး၊ ခွင့် ၄ ရက်

တိုင်ကြားသူ ကိုယ်စားလှယ် ၃ ဦးနှင့် ခွင့် ၅ ရက် တိုင်ကြားသူ ကိုယ်စားလှယ် ၂ ဦး စုစုပေါင်း ၂၂ ဦး ရှိပါတယ်။ ကိုယ်စားလှယ် ၂၂ ဦးက အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊

(၂) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်၊

(၃) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၊

(၄) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၊

(၅) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၊

(၆) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ၊

(၇) ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်၊

(၈) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးစိုင်းဆောင်ဆီ၊

(၉) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်၊

(၁၀) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၊

(၁၁) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၊

(၁၂) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည်၊

(၁၃) နမခမှ ဒုတိယဗိုလ်မှူးကြီး ငွေစိုး၊

(၁၄) စနခ ၇၄၇ မှ ဗိုလ်မှူးစိုးသူ၊

(၁၅) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း၊

(၁၆) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၊

(၁၇) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၊

(၁၈) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်၊

(၁၉) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်၊

(၂၀) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၊

(၂၁) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင်၊

(၂၂) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း တို့သည်အသီးသီး ခွင့်တင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချိန်ကို တန်ဖိုးရှိစွာ အသုံးချရန်ဖြစ်ပါ၍ ရှင်းလင်းသော၊ တိကျတိုတောင်းသော တင်ပြမှု၊ ဆွေးနွေးမှုများ ပြုပေးပါရန် ပန်ကြားပါတယ်။ ဒီနေ့ အစည်းအဝေးကို တင်ပြထားတဲ့ အစီအစဉ်များအားလုံး ပြီးမြောက်အောင် ၁၆း၀၀ မတိုင်မီ ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း အသိပေးတင်ပြလိုပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဥ် စတင်ဆောင်ရွက်ပါမယ်။

**ရဲဘော်သုံးကျိပ် အဖွဲ့ဝင်များအား သမိုင်းမှတ်တမ်း ကဗ္ဗည်းကျောက်စာတိုင်တစ်ခုထားရှိရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်မြင့်(ဗိုလ်တထောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး

ကျန်းမာပါစေလို့ ဆုမွန်ကောင်းတောင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းခဲ့ကြသော အာဇာနည်ခေါင်းဆောင်များနှင့် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များအားလုံးဟာ အသက်၊ သွေး၊ ချွေးပေးပြီး တိုက်ပွဲဝင်ခဲ့ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံ၏ နိုင်ငံနှင့်နိုင်ငံသားများ အကျိုးငှာ နောင်လာနောက်သားများအတွက် သမိုင်းမှတ်တမ်းတစ်ခု စိုက်ထူရန်အလို့ငှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြသော ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များသည် သမိုင်းစာပေမှတ်တမ်းများတွင် တည်ရှိခဲ့သော်လည်း သမိုင်းမှတ်တမ်းဝင် ပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့်တကွ ကျောက်စာတိုင်သမိုင်းမှတ်တမ်း မော်ကွန်းကျောက်စာတိုင် တစ်ခု တည်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ ပြည်ထောင်စုအစိုးရအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ကျွန်တော့်အနေနဲ့ ဂါရဝပြုဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြေကြားခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ဦးစီးဦးဆောင်ပြုကာ ကြိုးပမ်းခဲ့ကြတဲ့ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များရဲ့ သမိုင်းမှတ်တမ်းများအား စာပေဖြင့် နိုင်ငံတော်မှ မှတ်တမ်းတင် ထားရှိခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်ကို လွတ်လပ်ရေးရရှိအောင် ဦးစီးဦးဆောင်ပြုကာ မိမိတို့ရဲ့ ဆန္ဒအလျောက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များအား ဂုဏ်ပြုသောအားဖြင့် သမိုင်းမော်ကွန်းကျောက်စာတိုင် တည်ထားရန် လောလောဆယ်တော့ အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**မြို့နယ်အဆင့်ရှိဌာနဆိုင်ရာများအား လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ငွေကြေးသုံးစွဲမှုအခြေအနေ မှန်၊ မမှန်။ ကိုက်၊ မကိုက် ထိန်းကျောင်းပေးနိုင်သော အတွင်းစာရင်းစစ် (Internal Auditing) နှင့် ပြင်ပစာရင်းစစ် (External Auditing) နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းကတော့ မြို့နယ်အဆင့်ရှိဌာနဆိုင်ရာများအားလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ငွေကြေးသုံးစွဲမှုအခြေအနေ၊ မှန်မမှန်၊ ကိုက်၊မကိုက်ထိန်းကျောင်းပေးနိုင်သော အတွင်းစာရင်းစစ်နှင့် ပြင်ပစာရင်းစစ်တွေရဲ့ တွေ့ရှိချက်တွေကို အရေးယူဆောင်ရွက်ထားမှုရှိ၊ မရှိသိရှိလို၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမေးရတဲ့ ရည်ရွယ်ချက်အကြောင်းအရင်းကတော့ သမ္မတရဲ့ Good Governance, Clean Government ဆိုတဲ့ဆန္ဒကိုဖြည့်ဆည်းပေးချင်လို့ မေးမြန်းခြင်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကောင်းမှပြည်အောင်ဆိုသလို နိုင်ငံ့ဝန်ထမ်းတွေ အရည်အချင်း၊ အရည်အသွေး၊ နိုင်ငံအပေါ်ထားရှိတဲ့ စိတ်ထားတွေ ကောင်းမွန်ဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးကို အစိုးရဌာနများက အနီးကပ်အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အတွက် အစိုးရဝန်ထမ်းကောင်းဖြစ်ဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတိုးတက်မှုရဲ့အခြေခံဟာ ဝန်ထမ်းကောင်းပဲလို့ ကျွန်တော် ဒီလိုသုံးသပ်မိပါတယ်။ ယခင်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ပါတီရယ်၊ ကောင်စီ၊ စာရင်းစစ်ရယ်ဆိုပြီးတော့ အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ဟာ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ငွေကြေးသုံးစွဲမှုကို Check and Balance အပြန်အလှန်ထိန်းကျောင်းထားတဲ့အတွက် မြို့နယ်အဆင့်မှာ အောင်မြင်သင့်သလောက် အောင်မြင်ပြီး အလွဲသုံးစားမှုတွေကို သက်တမ်းတစ်လျှောက်လုံး အတော်ကလေးထိန်းချုပ်ပေးနိုင်တာကိုတွေ့ရပါတယ်။ အထူးသဖြင့် နိုင်ငံတော်ငွေကို အောက်ခြေမှာ ယိုဖိတ်မှုမရှိအောင်ထိန်းချုပ်နိုင်တာကိုတွေ့ရှိရပါတယ်။ အဲ့ဒီတုန်းက မြို့နယ်စာရင်းစစ်တွေက လုပ်ငန်းရော၊ ငွေကြေးသုံးစွဲမှုကို တစ်ပြိုင်တည်းစစ်ဆေးပြီးတော့ အထက်ကိုတင်ပြတဲ့အတွက် လုပ်ငန်းအောင်မြင်မှုကိုလည်း တည့်မတ်ပေးပြီး လေလွင့်ဆုံးရှုံးမှုနှင့် အလွဲသုံးစားမှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ထိန်းချုပ်ပေးနိုင်တာကိုတွေ့ရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ

ဌာနဆိုင်ရာတွေ လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေကြေးသုံးစွဲမှုတွေမှာ အားနည်းမှုတွေအနည်းငယ် တွေ့ရှိနေရပါတယ်။ ကျွန်တော့်ထံ ပြည်သူလူထုရဲ့တင်ပြချက်၊ တိုင်ကြားချက်တွေဟာ ဌာနဆိုင်ရာများရဲ့ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုအားနည်းမှုကြောင့် ဖြစ်ပေါ်လာသောတိုင်ကြားမှုများဖြစ်နေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဤမေးခွန်းနှင့်ပတ်သက်၍ (၁) ဌာနဆိုင်ရာ၊ အပေါ်နှင့်အောက်လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေကြေးသုံးစွဲမှုကို မည်သို့ထိန်းကျောင်းဆောင်ရွက်ထားပါသလဲ။ (၂) ဌာနဆိုင်ရာအတွင်း စာရင်းစစ်နှင့် ပြင်ပစာရင်းစစ်တို့ရဲ့တွေ့ရှိသော အချက်အလက်တွေအပေါ်မှာ မည်သို့အရေးယူဆောင်ရွက်ပါသလဲ။ (၃) နိုင်ငံတော်ငွေကြေး ဆုံးရှုံးနစ်နာမှုကို မည်သို့ကြိုတင်ကာကွယ်အရေးယူဆောင်ရွက်ထားမှုရှိ၊ မရှိသိရှိလိုပါကြောင်း သမ္မတရဲ့ Good Governance, Clean Government ကို အထောက်အပံ့ဖြစ်စေရန်အတွက် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါကြောင်း ဖြေကြားပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ မအူပင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့မေးခွန်းကို ကျွန်တော်ဖြေဆိုတင်ပြမှာဖြစ်ပါတယ်။ မြို့နယ်စာရင်းစစ်ရုံးများဟာ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ မြို့နယ်အဆင့်ဌာနအဖွဲ့အစည်းများရဲ့ လုပ်ငန်းနှင့်စာရင်းများကို External Auditor များအဖြစ်စစ်ဆေးနေပါတယ်။ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာတွေကိုလည်း စစ်ဆေးခံအဖွဲ့အစည်းက အရေးယူဆောင်ရွက်ရမည့်အချက်၊ ကျွန်တော်တို့ရဲ့ စစ်ဆေးတွေ့ရှိချက်၊ အကြံပြုတိုက်တွန်းချက်စသည်ဖြင့် ခွဲခြားဖော်ပြပြီးတော့ ထုတ်ပြန်ပါတယ်။ အစီရင်ခံစာထုတ်ပြန်တဲ့အခါမှာ အစီရင်ခံစာအရ အရေးယူဆောင်ရွက်မှုကို သင့်တင့်လျောက်ပတ်တဲ့ကာလအတွင်း အရေးယူပြန်ကြားပေးဖို့ ပြန်ကြားပေးရမယ့်ကာလကိုလည်း အစီရင်ခံစာမှာ သတ်မှတ်ဖော်ပြပေးခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက်အပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာအဖွဲ့အစည်းအနေနဲ့ ဆောင်ရွက်ရမယ့်ကိစ္စဟာ အကြမ်းဖျင်းအားဖြင့် ခွဲခြားကြည့်မယ်ဆိုရင် ကျွန်တော်တို့ ၃ မျိုးရှိပါတယ်။ ချက်ချင်းအရေးယူရန်ကိစ္စများ။ အဲ့ဒါကတော့ လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှုစသည့်ကိစ္စများဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ ဥပဒေအရအရေးယူရန်ကိစ္စများ

ဖြစ်ပါတယ်။ အဲ့ဒါကလည်း တည်ဆဲဥပဒေများနှင့်ငြိစွန်းတဲ့ မသမာမှု၊ အလွဲသုံးစားမှုများကိုဥပဒေ ကြောင်းအရ ဆက်လက်အရေးယူရမယ့်ကိစ္စများဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးအရေးယူရန်ကိစ္စများဖြစ်ပါတယ်။ ဝန်ထမ်းများရဲ့ စည်းမျဉ်း၊ စည်းကမ်းမလိုက်နာမှု၊ လုပ်ငန်းပေါ့လျော့မှုစသည့်အချက်များဖြစ်ပါတယ်။

မြို့နယ်စာရင်းစစ်ရုံးများရဲ့ အစီရင်ခံစာများအပေါ်မှာ စစ်ဆေးခံအဖွဲ့အစည်းများက သင့်တင့်တဲ့ အချိန်ကာလအတွင်းမှာ အရေးယူမဆောင်ရွက်လျှင်သော်လည်းကောင်း၊ သို့မဟုတ် သင့်တင့်တဲ့အချိန်အတွင်းမှာ ဆောင်ရွက်မှု မပြီးပြတ်သေးလျှင်သော်လည်းကောင်း သို့မဟုတ် အရေးယူဆောင်ရွက်မှုဟာ ပြည့်စုံလုံလောက်မှုမရှိခြင်း၊ မလျော်ကန်ခြင်းဖြစ်သည်လို့တွေ့ရှိရလျှင် သော်လည်းကောင်း ခရိုင်စာရင်းစစ်ရုံးမှတစ်ဆင့် ပြည်နယ်/တိုင်းစာရင်းစစ်ချုပ်ရုံးများသို့ တင်ပြပြီးတော့ ပြည်နယ်/တိုင်းစာရင်းစစ်ချုပ်ရုံးဟာ သက်ဆိုင်ရာပြည်နယ်/တိုင်းအစိုးရအဖွဲ့သို့ တင်ပြပြီး စီမံခန့်ခွဲမှုနည်းလမ်းအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ အရေးယူရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ အရေးကြီးတဲ့ကိစ္စများ Material Finding များဆိုလို့ရှိရင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအထိတင်ပြပြီးတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကလည်း အဲ့ဒီလို အချက်အလက်များကိုစုစည်းပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြကာ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူ့ကောင်စီအဆင့်ဆင့်က မြို့နယ်လုပ်ငန်းစစ်အဖွဲ့များဆောင်ရွက်သလို့ပဲ ကျွန်တော်တို့ ဒီခေတ် ဒီအစိုးရလက်ထက်မှာလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ တွန်းအားပေးပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဌာနများရဲ့ အရေးယူဆောင်ရွက်မှုဟာလည်း အားရစရာကောင်းပါကြောင်း မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မအူပင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ ပြည်သူ့ငွေစာရင်းကော်မတီ အနေနဲ့ ဦးစိန်ဝင်းရဲ့ တင်ပြချက်နဲ့စပ်လျဉ်းသော တာဝန်နှင့်လုပ်ပိုင်ခွင့်၊ အခွင့်အရေးများမှာလည်း ဆက်စပ်သုံးသပ်ဆောင်ရွက်နိုင်တဲ့အကြောင်းများကို မိမိလေ့လာထားရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ဆောင်ရွက်သင့်တဲ့ကိစ္စများကို ဆောင်ရွက်နိုင်

ဖို့အတွက် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေးများနှင့် မိမိတို့ဆောင်ရွက်နိုင်ဖို့အတွက် အခွင့်အလမ်းများကိုလည်း လေ့လာဆောင်ရွက်ရန် လိုပါကြောင်း ထပ်ဆင့်ပြန်ကြားအပ်ပါတယ်။ (သြဘာသံများ)

**လက်နက်ကိုင်အဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးနောက် မည်သည့်အတွက်ကြောင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်( မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်(ခ)ဦးစိုင်းဟပ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် နိုင်ငံတော်သမ္မတကြီးမှ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီများဖွဲ့စည်းပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ကချင်ဒေသမှလွဲပြီး ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများရယူနိုင်ခဲ့တာကိုသိရှိရပါတယ်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ရရှိခဲ့ပြီးတဲ့နောက် ရှမ်းပြည်နယ်ဒေသအချို့မှာ တိုက်ပွဲများဖြစ်ပွားလျက်ရှိနေကြောင်းလည်း ကြားသိနေရပါတယ်။ တိုက်ပွဲများရဲ့ ခါးသီးတဲ့အတွေ့အကြုံ ခံစားနေရတဲ့ပြည်သူများ၊ ငြိမ်းချမ်းရေးကို လိုလားနေသော ပြည်သူများအနေနဲ့ စိတ်အေးနိုင်မှုမရှိဘဲ လက်နက်ကိုင်ပဋိပက္ခများ ဆက်တိုက်ဖြစ်ပွားလာမှာကိုစိုးရိမ်လျက်ရှိနေကြပါတယ်။ သို့ဖြစ်တဲ့အတွက် မေးမြန်းလိုသည်မှာ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီး သဘောတူညီမှုလက်မှတ်ရေးထိုးပြီးတဲ့နောက် မည်သည့်အတွက်ကြောင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပါသနည်း။ အမှန်တကယ်အပစ်အခတ်ရပ်စဲရေးအတွက် မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း စိုးရိမ်နေသော ပြည်သူများကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်သော ပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအောင်မင်း(ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ)**
။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်၏ မေးမြန်းချက်များကို ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ယခုမေးမြန်းထားသည့် တိုင်းရင်းသားလက်နက်ကိုင်များ၊ တိုင်းရင်းသားများ၏အရေးကိစ္စမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရချိန်မှစ၍ ဖြစ်ပေါ်လာတဲ့ အချိန်ကာလရှည်ကြာစွာဖြစ်ပွားခဲ့သောကိစ္စရပ်များ ဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် သံသယများပျောက်ပြီး အမှန်ဘဝရောက်ရန် ကြိုးစားကြဖို့လိုအပ်ပါတယ်။ နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သောပြဿနာများကို တစ်ရက်တည်း၊ တစ်ထိုင်တည်း ဖြေရှင်းရန်မလွယ်ကူသော ကိစ္စရပ်များလည်း ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖော်ဆောင်ရေးမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုလွှတ်တော်အဆင့်ဟူ၍ အဆင့် ၃ ဆင့်ပိုင်းခြား သတ်မှတ်ပြီး ဆောင်ရွက်သွားကြရန် လမ်းညွှန်ထားပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် လုပ်ငန်းတာဝန် ၅ ရပ်နှင့် ပြည်ထောင်စုအဆင့်တွင် လုပ်ငန်းတာဝန် ၈ ရပ်ကို မူဝါဒအဖြစ် အောက်ပါ အတိုင်းချမှတ်ခဲ့ပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ဆောင်ရွက်ရန်ကိစ္စများ တင်ပြပါမယ်-

(၁) နှစ်ဦးနှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းရန်ကိစ္စ၊

(၂) နှစ်ဖက်သဘောတူညီမှု ညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာများတွင် နေထိုင်ရန် ကိစ္စ၊

(၃) သတ်မှတ်နေရာမှအပ အခြားဒေသသို့ လက်နက်ဖြင့် သွားလာခြင်းမပြုရန်ကိစ္စ၊

(၄) ဆက်ဆံရေးစကားများကို နှစ်ဖက်သဘောတူသည့် သင့်တော်ရာနေရာ၌ လက်နက်မပါထားရှိ ရန်ကိစ္စ၊

(၅) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အဖွဲ့ တရားဝင်ဖွဲ့စည်းပေးရန်နှင့် ဆွေးနွေးမည့်ရက်၊ အချိန်နှင့်နေရာတို့ကို ညှိနှိုင်းရန်ကိစ္စများဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ဆောင်ရွက်ရန်လည်း မူဝါဒအဖြစ် ချမှတ်ပေးထားပါတယ်။

(၁) ပြည်ထောင်စုအတွင်းမှ မည်သည့်အခါမျှ ခွဲမထွက်ရ၊

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို သဘောတူရန်ကိစ္စ၊

(၃) စီးပွားရေးလုပ်ငန်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက်ပူးတွဲ၍ တရားဝင်ဆောင်ရွက်ရန်ကိစ္စ၊

(၄) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတိုက်ဖျက်ရေးအား ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊

(၅) ပါတီထူထောင်၍ ရွေးကောက်ပွဲဝင်ရန်ကိစ္စ၊

(၆) ဖွဲ့စည်းပုံအခြေခံဥပဒေအား လက်ခံရန်နှင့်ပြင်ဆင်လိုသည့် ကိစ္စများရှိက လွှတ်တော်အတွင်း၌ အများသဘောတူဆန္ဒနှင့်အညီ ဆောင်ရွက်ရန်ကိစ္စ၊

(၇) ထာဝရငြိမ်းချမ်းရေးအတွက် ဥပဒေဘောင်အတွင်းသို့ အပြီးအပိုင်ဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တန်းတူညီတူ နေထိုင်၊ သွားလာ၊ လုပ်ကိုင်၊ စားသောက်ရန်ကိစ္စ၊

(၈) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်းအဖြစ် အသွင်ကူးပြောင်းရေးကို ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စ ဖြစ်ပါတယ်။

ယခုအခါမှာ တိုင်းရင်းသားလက်နက်ကိုင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘောတူညီချက်တွင် ပါရှိသည့် မူဝါဒ ၅ ချက်အနေနဲ့ အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ပြီးဖြစ်သော်လည်း အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ဆဲဖြစ်ပါတယ်။ အဲဒီကိစ္စတွေကတော့ -

(က) နှစ်ဦးနှစ်ဖက်သဘောတူညီမှု ညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာများတွင် နေထိုင်ရန်ကိစ္စ၊

(ခ) သတ်မှတ်နေရာမှအပ အခြားနေရာသို့ လက်နက်ဖြင့် သွားလာခြင်းမပြုရန်ကိစ္စ၊

(ဂ) ဆက်ဆံရေးစခန်းများကို နှစ်ဖက်သဘောတူသည့် သင့်တော်ရာနေရာ၌ လက်နက်မပါထားရှိရန်ကိစ္စဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ထိတွေ့မှုဖြစ်စဉ်များမှာ လုပ်ငန်းစဉ်တွင် ပါရှိသည့် နှစ်ဖက်တပ်များ နေရာချထားခြင်း မပြုနိုင်သေးခြင်း၊ ဆက်ဆံရေးရုံးများ မဖွင့်လှစ်နိုင်သေးခြင်း တို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။ တပ်မတော်၏ ဖြေကြားချက်ကိုလည်း ကျွန်တော်မှပဲ ကိုယ်စားဖြေကြားသွားမှာဖြစ်ပါတယ်။ တပ်နေရာချထားရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆဲ ဖြစ်ပါတယ်။ RCSS, SSA အဖွဲ့ကို မုန်းထော်၊ မုန်းထနယ်မြေတွင် လည်းကောင်း၊ SSPT အဖွဲ့ကို ဝိုင်ဟိုင်းနယ်မြေတွင်လည်းကောင်း နေရာချထားပေးရန် အကြမ်းဖျင်းအားဖြင့် သဘောတူညီထားခဲ့ပြီး အသေးစိတ် ဆက်လက်ဆောင်ရွက်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ယင်းကဲ့သို့ ညှိနှိုင်းဆဲကာလတွင် ၎င်းအဖွဲ့များအနေဖြင့် လက်နက်များ ကိုင်ဆောင်လှုပ်ရှားမှုများ ရှိနေပြီး မိမိတို့တပ်မတော်သည် ပြည်သူများကိုကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့်အတွက် မိမိလုံခြုံရေး တပ်များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားနေခြင်းဖြစ်ပါတယ်။ KNU ငြိမ်းချမ်းရေး တပ်ဖွဲ့များနှင့်လည်း အလားတူ ညှိနှိုင်းဆဲကာလဖြစ်ပါတယ်။ သို့သော် KNU အဖွဲ့သည် အထက်ပါအဖွဲ့များကဲ့သို့ လက်နက်ကိုင်ဆောင်သွားလာမှုများမရှိသည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းပြီး ဒေသခံများ မှာလည်း စိတ်ချမ်းသာမှုရှိနေကြောင်း တွေ့ရှိရပါတယ်လို့ ဖြေကြားထားပါတယ်။ နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်သမ္မတကြီးမှ ချမှတ်ပေးသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မူဝါဒများကို တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ပြီးချိန်တွင် ဤကဲ့သို့ပြဿနာများ ကွယ်ပျောက်သွားမည်ဖြစ်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အမြန်ဆုံးကြိုးပမ်း ဆောင်ရွက် ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို လွှတ်တော်က ၁၃-၈-၂၀၁၂ ရက်နေ့ တွင်လက်ခံရရှိပါတယ်။ နည်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီထံ

စိစစ်နိုင်ရန်နှင့် ကိုယ်စားလှယ်များထံ ဝေလှလာနိုင်ရန် ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ နည်းဥပဒေကြမ်းကိုစိစစ်ပြီး ကော်မတီ၏အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကိုဖော်ပြ၍ ၂၃-၈-၂၀၁၂ (ကြာသပတေးနေ့) ၁၃း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ပါတယ်။

## နိုင်ငံတော် တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ မှတာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့ခဲ့တဲ့ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း ၁၅-၈-၂၀၁၂ ရက်နေ့မှာ လွှတ်တော်သို့ တင်ပြခဲ့ပြီး ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူများကိုလည်း တစ်ပါတည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသော နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို

နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်တွင် ၂၆-၇-၂၀၁၂ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၇-၈-၂၀၁၂ ရက်နေ့ အမျိုးသား လွှတ်တော် အစည်းအဝေးတွင် ယင်းဥပဒေကြမ်းအား ပြင်ဆင်ချက်မရှိ အတည်ပြုပေးခဲ့ပါသည်။

၂။ ဤဥပဒေကြမ်းသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၆ ဖြင့် အတည်ပြုခဲ့သည့် ဥပဒေကို ရုပ်သိမ်းရန် တင်ပြချက်ဖြစ်ပါသည်။ ဤဥပဒေကြမ်းပါ ပုဒ်မ ၂ ခု အနက် ပုဒ်မ ၁ တွင် နိုင်ငံတော် တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဟု ဖော်ပြချက်အစား နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်သင့်ကြောင်းကို စိစစ်တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအပေါ်တွင် လေ့လာစိစစ် နိုင်ရန် ၁၀-၈-၂၀၁၂ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး၊ အမျိုးသားညီလာခံလုပ်ငန်း များ အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ခြင်း၊ နိုင်ငံတော်၏တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးပြီးဖြစ်ခြင်းတို့ကြောင့် ဆက်လက်ကျင့်သုံးရန် မလိုအပ်တော့သည်ကို လေ့လာတွေ့ရှိရပါ သည်။

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည့်အပေါ် ပြင်ဆင် ချက်ဖြင့်ရုပ်သိမ်းသင့်ကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ နှင့်အညီ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ အရ လွှတ်တော်သို့အစီရင်ခံ တင်ပြအပ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးဆွေးနွေးလိုသည့်လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်တာဝန်ကို တည်ငြိမ် အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်း အရာ၊ အချက်အလက်တို့ကို တိကျစွာဖော်ပြ၍ ၂၃-၈-၂၀၁၂ ရက် (ကြာသပတေးနေ့) ၁၃း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန်ဖြစ် ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ မှတာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့ခဲ့တဲ့ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်း များ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း ၁၀-၈-၂၀၁၂ ရက် နေ့မှာ လွှတ်တော်သို့ တင်ပြခဲ့ပြီး ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူများကိုလည်း တစ်ပါတည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်မြင့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသား

လွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက လေ့လာစိစစ်တွေ့ရှိ ချက်အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်း များကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်က ပေးပို့ခဲ့ရာ အမျိုးသားလွှတ်တော်က ၂၆-၇-၂၀၁၂ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၇-၈-၂၀၁၂ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ယင်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ပြင်ဆင် ချက်မရှိ အတည်ပြုပေးခဲ့ပါတယ်။

၂။ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေဖြင့် ဤဥပဒေပါ ပြစ်မှုများကို အရေးယူ ဆောင်ရွက်နိုင်သဖြင့် ဤဥပဒေကို ဆက်လက်အသုံးပြုရန် မလိုအပ်တော့ကြောင်း တွေ့ရှိရပါသဖြင့် ဤဥပဒေကို ဖျက်သိမ်းသင့်ကြောင်း ညှိနှိုင်းသဘောတူညီချက်အရ ရေးဆွဲခြင်းဖြစ်ကြောင်း ရှင်းလင်း ဖော်ပြထားပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းအပေါ်တွင် လေ့လာစိစစ်နိုင်ရန် ၁၀-၈-၂၀၁၂ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး ဤဥပဒေသည် ဆက်လက်ကျင့်သုံးရန် မလိုအပ်ခြင်း၊ ဤဥပဒေပါပြစ်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေဖြင့် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ရုပ်သိမ်းရန် တင်ပြချက်အပေါ် အမျိုးသား လွှတ်တော်မှ ထောက်ခံခြင်းများကို လေ့လာတွေ့ရှိရပါသည်။

၄။ ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေသည် ၁၉၄၇ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မ ၇ ခု ပါရှိကာ အစိုးရပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ဖြစ်ပါ သည်။

၅။ ၁၉၄၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေသည်လည်း အစိုးရပိုင်ပစ္စည်း၊ ပြည်သူပိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေဖြစ်၍ သဘော တရားချင်း တူညီသောကြောင့် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းရန် တင်ပြချက်အပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ကန့်ကွက်ရန်မရှိ ထောက်ခံပါကြောင်း သဘောတူညီကြပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တင်သွင်းလာသည့် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ(မူကြမ်း)အား အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည့်နည်းတူ ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ကြောင်းကို နည်းဥပဒေ ၄၄အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို အတိအကျဖော်ပြ၍ ၂၃-၈-၂၀၁၂ ရက်နေ့ (ကြာသပတေးနေ့) ၁၃း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါ့မယ်။

**အချိန်၊ ၁၃း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၁၅ ခန့် ရပ်နားပါသည်။]**

**အချိန်၊ ၁၃း၅၅ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အစည်းအဝေး(၂၄)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၀-၈-၂၀၁၂ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးကအမည်စာရင်းတင်သွင်းထားပါတယ်။ ဒီနေ့ဆွေးနွေးလိုတဲ့အကြောင်းနှင့် စပ်လျဉ်းပြီး မူလ ကျွန်တော်တင်ပြထားတဲ့အတိုင်း ဒီနေ့အပြီးအစီး ဆောင်ရွက်မှာဖြစ်တဲ့အတွက် ဆွေးနွေးတဲ့အခါမှာ လိုရင်းအဓိပ္ပာယ်ပြည့်စုံတဲ့ဆွေးနွေးမှုများ ဖြစ်စေလိုကြောင်း ထပ်လောင်းတင်ပြပါတယ်။ ဦးစွာ မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်းအားဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ပဏာမဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မော်လိုက်မဲဆန္ဒနယ်က ဦးသောင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၀-၈-၂၀၁၂ ရက်နေ့က တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြည်သူ့လွှတ်တော်ကိုတင်သွင်းသွားတဲ့ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာ ၁/၂၀၁၂ ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးမယ့် ဟာတွေကိုတော်တော်များများရေးလာခဲ့ပါတယ်။ သို့သော်လည်းပဲ တိုတိုနဲ့လိုရင်းဆိုတော့ တချို့ဟာတွေချန်ထားခဲ့ပြီးတော့မှ ဆွေးနွေးသွားပါ့မယ်။ ကျွန်တော်တို့ ၂၀၀၈ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ အရဆိုလို့ရှိရင် တရားဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ ၃ ရပ်ကို ညီညာဖျဖျခွဲခြမ်းစိတ်ဖြာ တာဝန်ပေးပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၄ အရဆိုလို့ရှိရင် ဥပဒေပြုရေး အာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို အာဏာပေးအပ်ထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၉ အရ Administrate Power အုပ်ချုပ်ရေးအာဏာကို သမ္မတများ၊ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်

အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို အုပ်ချုပ်ရေးအာဏာပေးထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃ အရဆိုလို့ရှိရင် တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားရုံးအဆင့်ဆင့်အောက်မှာရှိတဲ့ တိုင်း/ ပြည်နယ်/ခရိုင်/မြို့နယ်များကို အသီးသီးညီညာဖျဖျ ဒီမိုကရေစီကျကျ ခွဲခြမ်းစိတ်ဖြာပေးထားပြီးဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆(က) ကနေ (စ) အထိခံစားခွင့်အားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်သူများရဲ့ရပိုင်ခွင့်ကို ပေးထားပါတယ်။ အထူးသဖြင့် တရားမျှတမှု (Justice)၊ လွတ်လပ်မှု (Liberty)၊ ညီမျှမှု (Equally) ဆိုတဲ့ တရားမျှတရေးအချက် သုံးချက်ကို အဓိကထားပြီးတော့မှ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားပါတယ်။ အဲ့ဒီအာဏာသုံးရပ်မှာ တရားစီရင်ရေးအာဏာကိုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီကနေ့ သာမန်အားဖြင့်ကြည့်မယ်ဆိုရင် အုပ်ချုပ်ရေးအာဏာနှင့် တရားဥပဒေပြုရေးအာဏာဟာတည်တည် ငြိမ်ငြိမ်ရှိတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ဟာဆိုရင် ဒီကနေ့ ယိမ်းယိုင်နေတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့တရားစီရင်ရေးနှင့်ဥပဒေရေးရာမှာ တိုင်စာပေါင်း ၁၇၀၀ ကျော်ရှိလာပြီဖြစ်ပါတယ်။ အဲ့ဒီတိုင်စာများကိုကြည့်မယ်ဆိုရင် ၈၀ ရာနှုန်းဟာ တရားသူကြီးများကို တိုင်ထားတာဖြစ်ပါတယ်။ အဲ့ဒီလိုတိုင်တဲ့အထဲမှာလည်းပဲ ယခင်ကာလက စီရင်ခဲ့တဲ့ ကိစ္စတွေ၊ ဒီကနေ့အချိန်အထိမပြီးသေးတဲ့တရားစီရင်ရေး ကိစ္စတွေလည်းပါဝင်သကဲ့သို့ ဒီကနေ့ကာလအတွင်းမှာ တရားစီရင်ခဲ့တာတွေလည်းပါပါတယ်။ ဒီကြားထဲမှာ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တရားစီရင်ရေးတိုင်ကြားချက်တွေကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် တရားသူကြီးများကိုတိုင်ထားတာ ၈၀ ရာနှုန်းရှိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်တယ်ဆိုတာကိုသုံးသပ်တဲ့အခါမှာ အကြောင်းအမျိုးမျိုးရှိတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တို့အားနည်းတဲ့ အကြောင်းအချက်တွေကို ဖော်ပြရမယ်ဆိုလို့ရှိရင် တရားစီရင်ရေးအဖွဲ့တွေက Case Construction တည်ဆောက်တဲ့အခါမှာ ချို့ယွင်းအားနည်းမှု တွေရှိပါတယ်။ နောက်သက်သေတွေက အားနည်းမှုရှိပါတယ်။ ဒီကြားထဲမှာ ကျွန်တော်တို့ရှေ့နေတွေလည်း ပါပါတယ်။ ရှေ့နေရှေ့ရပ်များ အားနည်းမှုလည်းရှိပါတယ်။ တချို့ဆိုလို့ရှိရင် ဥပဒေအရာရှိများဟာအမှုလိုက်ပါဆောင်ရွက်တဲ့အခါမှာ အားနည်းချို့ယွင်းချက်တွေရှိပါတယ်။ အချို့တရားသူကြီးများဟာဆိုလို့ရှိရင် ဆင်ခြင်တုံတရားအားနည်းတယ်လို့တွေ့ရှိရပါတယ်။ ကျွန်တော်တို့ တချို့ တရားသူကြီးများဟာဆိုလို့ရှိရင် အဂတိတရား ၄ လေးပါး။ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ဆိုတဲ့အဂတိတရား

လေးပါးကို ကင်းအောင်လုပ်နိုင်သူနည်းတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက တရားစီရင်ရေးဟာ လွန်ခဲ့တဲ့အနှစ် ၂၀ ကာလအတွင်းမှာ တရားစီရင်ရေးနှင့်ပတ်သက်ပြီးတော့မှ တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်ပေးထားတာသည်ပင်လျှင် အားနည်းတယ်လို့ဆိုရမှာဖြစ်ပါတယ်။ အဲ့ဒီမှာ တရားစီရင်ရေးနှင့်ပတ်သက်လို့ ကြီးကြပ်မှုက လည်းအင်မတန်အားနည်းတယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇွန်လပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကိုသွားရောက်လေ့လာတဲ့အခါမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ လေးဆင့်ခွဲခြားထားပါတယ်။ အဲ့ဒီလေးဆင့်ကတော့ အခြေခံအဆင့်တရားရုံးဆိုပြီးတော့ ရပ်ကျေးအဆင့်ကို တစ်ဆင့် တရားရုံးထားပါတယ်။ ဒုတိယအဆင့်က အလယ်အဆင့်ဆိုတာ မြို့နယ်နှင့်ခရိုင်အဆင့်ပေးထားပါတယ်။ တတိယအဆင့်ကတော့ အဆင့်မြင့်တရားရုံးဆိုပြီးတော့ တိုင်းနှင့်ပြည်နယ်အဆင့်သဘောမျိုးပေးထားပါတယ်။ စတုတ္ထအဆင့်ကတော့ အထူးအဆင့်မြင့်တရားရုံး၊ ဗဟိုတရားရုံးအဆင့်ပေါ့။ အဲ့ဒီလိုပေးထားတဲ့အထဲမှာ ကျွန်တော်တို့အခြေခံအဆင့်တရားရုံးဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွက် တိုင်းသူပြည်သားလူအများက အကြည်ညိုအလေးစားဆုံးလို့ သတ်မှတ်ခြင်းခံရပါတယ်။ ဒါကြောင့်မို့လို့အဆင့် လေးဆင့်တိုင်းမှာလည်းပဲ တရားသူကြီး သုံးယောက် တရားစီရင်ပါတယ်။ ကူမင်းတရားရုံးကိုသွားကြည့်တဲ့အခါမှာ တရားခွင်မှာကိုက တရားသူကြီး သုံးယောက်ထိုင်တဲ့ ကုလားထိုင်၊ တစ်ဖက်ကအစိုးရရှေ့နေ၊ တစ်ဖက်က တရားခံရဲ့အကျိုးဆောင်၊ မှတ်တမ်းတင်တဲ့နေရာ၊ သက်သေထွက်တဲ့နေရာ၊ နောက်တစ်ခုက ပြည်သူလူထုလေ့လာဖို့အတွက်ကို တရားခွင်မှာထိုင်ခုံပေါင်း ၅၀ ကျော် ၆၀ စီစဉ်ထားတာတွေ့ရှိရပါတယ်။ အဲ့ဒီမှာဆိုလို့ရှိရင် တရားစီရင်ရေးအဆင့် လေးဆင့်လုံးမှာ ပြည်သူ့ကွန်ကရက်ပါတီက အမြဲတမ်းကြီးကြပ်ပါတယ်။ ကြီးကြပ်တဲ့အတွက် တရားစီရင်ရေးတွေဟာဆိုလို့ရှိရင် တစ်ဦးနှင့် တစ်ဦးထိန်းညှိစောင့်ရှောက်ပြီးတော့မှ ကြီးကြပ်သွားတဲ့အတွက် တရားစီရင်ရေးမှာဖောက်လွဲ၊ ဖောက်ပြန်လုပ်တာမရှိဘူး။ အဂတိတရားလေးပါးမရှိဘူးဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကာလအတွင်းကကြည့်မယ်ဆိုရင် တရားစီရင်ရေးအာဏာအပေါ်မှာအုပ်ချုပ်ရေးအာဏာကဖိစီးနေတာတွေရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ လက်တွေ့ပါ။ ဥပမာ တိုတိုနှင့်လိုရင်းပဲပြောပါမယ်။ လောင်းကစားဥပဒေ ပုဒ်မ ၈ ကိုကျူးလွန်လို့ရှိရင် ပုဒ်မ ၁၃ အရ ထိုးသားပေါ့။ ချဲစလစ်ထိုးတဲ့ပုဂ္ဂိုလ်ကို အနည်းဆုံး ၆ လ အများဆုံး ၁ နှစ်ရှိပါတယ်။ လောင်းကစားဥပဒေပုဒ်မ ၉ မှာလည်းပဲ ကျူးလွန်တယ်ဆိုလို့ရှိရင် ဒိုင်ပေါ့။ ပုဒ်မ ၁၄ နဲ့ပစ်ဒဏ်ပေးရပါတယ်။ အဲ့ဒါဆိုလို့ရှိရင်အနည်းဆုံး ၁ နှစ်၊ အများဆုံး ၃ နှစ်ရှိပါတယ်။ အဲ့တော့ ကျွန်တော်တို့ အဲ့လိုမပေးရဘဲနဲ့ တရားသူကြီး

တွေဟာဆိုလို့ရှိရင် အနည်းဆုံးပြစ်ဒဏ်၊ အများဆုံးပြစ်ဒဏ် ပေးထားပါလျက်သားနဲ့ အထက်က အုပ်ချုပ်တဲ့ လူတန်းစားကနေပြီးတော့မှ အများဆုံးပြစ်ဒဏ်ကိုပေးရမယ်ဆိုတဲ့ အခါကျတော့ သက်ဆိုင်ရာ အောက်အဆင့်ဆင့်တွေမှာရှိတဲ့ တရားရုံးတွေဟာဆိုလို့ရှိရင် အကြီးဆုံးပြစ်ဒဏ်ကိုပေး ပါတယ်။ ဆိုလိုတာကတော့ တစ်ကြိမ်တစ်ခါဖြစ်ရင် အနည်းဆုံး ၆ လ အများဆုံး ၁ နှစ်၊ ဒုတိယ အကြိမ်ဖြစ်လျှင်တော့ဖြင့် အနည်းဆုံး ၁ နှစ် အများဆုံး ၃ နှစ်ဆိုတာ Litmitation ရှိပါတယ်။ အဲ့ဒီလို မပေးရဘဲနဲ့ အထက်ကအုပ်ချုပ်ရေးအဖွဲ့အစည်းကနေပြီးတော့မှ တရားစီရင်ရေးအာဏာအပေါ်မှာ လာရောက်လွှမ်းမိုးတဲ့အတွက် ကျွန်တော်တို့ တရားသူကြီးတွေဟာဆိုလို့ရှိရင် မိမိတို့၏ဆင်ခြင် သုံးသပ်မှုနှင့်ဆောင်ရွက်ခြင်း မပြုရဘူးဆိုတာ သုံးသပ်လို့ရပါတယ်။ ထို့အတူပါပဲ မူးယစ်ဆေးဝါး ဥပဒေပုဒ်မ ၁၅ ကိုကျူးလွန်ရင် အနည်းဆုံးထောင် ၃ နှစ် အများဆုံး ၅ နှစ်၊ နောက် ပုဒ်မ ၁၆(ဂ) မူးယစ်ဆေးဝါးကို လက်ထဲထားတယ်ဆိုလို့ရှိရင် အနည်းဆုံး ၅ နှစ် အများဆုံး ၁၀ နှစ်ဆိုတာ ပြဋ္ဌာန်း ထားပါတယ်။ သို့သော်လည်းပဲ သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းကနေပြီးတော့ အများဆုံး ပြစ်ဒဏ်ကိုပေးရမယ်လို့ တရားစီရင်ရေးမှာဝင်ပြီးတော့ အာဏာပြုတဲ့အခါကျတော့ ပလစ်စတစ် ကလေးကပ်တဲ့ပုဂ္ဂိုလ်လည်းပဲ အနည်းဆုံး ၅ နှစ်ကျပါတယ်။ ဒီကြားထဲမှထိုးသားဖြစ်တဲ့ပုဂ္ဂိုလ်တွေ၊ ဘိန်းရောင်းတဲ့ပုဂ္ဂိုလ်တွေ အကြီးအကျယ်ရောင်းတဲ့ဟာတွေကျတော့ တရားလည်း အစွဲမခံရပါဘူး။ ပြစ်ဒဏ်လည်းပေးမခံရပါဘူး။ ဒါဟာဆိုလို့ရှိရင် တရားဥပဒေစိုးမိုးရေးမှာ ချို့နဲ့နေတယ်ဆိုတာကို သုံးသပ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အနှစ် ၂၀ ကျော်ကာလအတွင်းမှာ ရှေ့နေ လုပ်ခဲ့တဲ့အခါကျတော့ အတွေ့အကြုံတွေ ပြောမယ်ဆိုရင်တော့ဖြင့် အများကြီးပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ အချိန်ကိုငဲ့ညှာသောအားဖြင့် တိုတိုနဲ့လိုရင်းပဲဆွေးနွေးပါ့မယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင်ကြံ့ခိုင်ရန်မှာလည်း တရားစီရင်ရေးနှင့် ဆက်နွယ်နေတဲ့ ပြည်သူ့ရဲတပ်ဖွဲ့များကလည်း အမှုတည်ဆောက်တဲ့နေရာမှာလိုပါတယ်။ ဥပဒေ အရာရှိများကလည်း တရားစီရင်ရေးမဏ္ဍိုင်မှာ လိုအပ်ပါတယ်။ တရားသူကြီးအဆင့်ဆင့်ကလည်း အဂတိတရားလေးပါးကင်းဖို့လိုပါတယ်။ ကျွန်တော်ပြောချင်တာကတော့ အဲ့ဒီပုဂ္ဂိုလ်တွေကို ၎င်းတို့နဲ့ ညီမျှတဲ့လစာဝင်ငွေ၊ ထောက်ပံ့ကြေးကိုပေးသင့်ပါတယ်။ အဲ့လိုမှမပေးဘူးဆိုရင်တော့ဖြင့် ငါ့ဝမ်း ပူဆာမနေသာတော့လည်း တရားစီရင်ရေးမဏ္ဍိုင်ဟာ ယိမ်းယိုင်မှာဖြစ်ပါတယ်။ တရားစီရင်ရေး အဆင့်ဆင့်မှာပါတဲ့ ပုဂ္ဂိုလ်များကို သူ့ဟာနဲ့သူ လုံလောက်မှုရှိအောင်တော့ဖြင့် သင့်တင့်မျှတတဲ့ ထောက်ပံ့မှုမျိုးမပေးဘူးဆိုရင် တရားစီရင်ရေးမဏ္ဍိုင်ဟာကြံ့ခိုင်ဖို့ အင်မတန် ခဲယဉ်းပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ တရားသူကြီးများကိုကြီးကြပ်ထိန်းသိမ်းဖို့လိုပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးချင်တာကတော့ တရားစီရင်ရေးမဏ္ဍိုင်ဟာ ယိမ်းယိုင်ရတဲ့ အကြောင်းအရင်းတွေနှင့် ယိမ်းယိုင်ရတဲ့အချက်တွေကို ကျွန်တော်ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ ဆွေးနွေးမယ်ဆိုလို့ရှိရင် တော့အများကြီးပါပဲ။ သို့သော်လည်းပဲ ဒီမိုကရေစီနိုင်ငံတည်ထောင်နေတဲ့ နေရာမှာ စစ်မှန်တဲ့ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတည်ထောင်နေတဲ့နေရာမှာ တရားစီရင်ရေးကိုပြည်သူ လူထုကကိုးစားပြီးတော့မှ အားကိုးလာမှသာလျှင် နိုင်ငံတော်အစိုးရလိုချင်တဲ့ ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်မယ်ဆိုတာကို ကျွန်တော်တို့ ယုံကြည်ပါတယ်။ တရားစီရင်ရေး ကဏ္ဍပိုင်းအနေနဲ့ ပြည်သူလူထုအားလုံးက ကြည်ညိုလေးစားလာအောင် တစ်နည်းအားဖြင့်ပြောမယ် ဆိုရင် ဒီမိုကရေစီအစိုးရဖြစ်မယ်ဆိုတာကို ပြောကြားရင်းနဲ့ သူရဦးအောင်ကို တင်ပြထားတဲ့ တရားစီရင်ရေး အစီရင်ခံစာကို ကျွန်တော်တို့ထောက်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ ဆွေးနွေး ဖို့က ကော်မတီရဲ့ အစီရင်ခံစာပေါ်မှာ ဆွေးနွေးကြဖို့ ဖြစ်ပါတယ်ခင်ဗျား။ လက်ရှိတရားစီရင်ရေးစနစ် နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးကြမယ်ဆိုရင်တော့ ဥက္ကဋ္ဌကြီးလိုလားမယ့် ၄ နာရီထိုးရင်လည်း ဆွေးနွေးလို့ကုန်မှာမဟုတ်ပါဘူးခင်ဗျား။ ဒါကြောင့် နောက်ပိုင်းဆွေးနွေးမယ့်လူများဟာ ဒီကော်မတီရဲ့ အစီရင်ခံစာနှင့် တိုက်ရိုက်မဟုတ်တဲ့ကိစ္စမျိုးကို မဆွေးနွေးဖို့ ဆောင်ရွက်ပေးပါခင်ဗျား။ ဒါမှ ကျွန်တော်တို့ အလှည့်ရောက်မှာပါခင်ဗျား။ (သြဘာသံများ)

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)။** ။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံ စာမှာ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်ဖို့ဆိုတဲ့ အစိတ်အပိုင်း ထည့်သွင်းပြီးတော့ ပါရှိပါ တယ်။ ဒီဟာကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကန့်ကွက်ပြောဆိုတာကိုတော့ သဘောမတူနိုင် ကြောင်းတင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မိမိတို့ရဲ့ အခွင့်အရေးကို မှန်မှန်ကန်ကန် ကျင့်သုံးပြီးတော့ မိမိတို့ရရှိတဲ့ အချိန်ပေါ်မူတည်ပြီးတော့လည်း ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒါကြောင့် ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်က ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်ထင်တယ်။ ဦးကြည်မြင့် ခွင့်လို့ ထင်ပါ တယ်။ ဒါကြောင့် ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေလို့ ဆုတောင်းပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးကြမယ့် ပုဂ္ဂိုလ်တွေကလည်း စောစောက ဥက္ကဋ္ဌကြီး ပြောပြတဲ့အတိုင်း တော်တော်လေးများပါတယ်။ များသလောက်လည်း ဆွေးနွေးကြမယ့် အကြောင်းအရာလည်း ပြည့်စုံလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာရဲ့ စာမျက်နှာ ၃ စာပိုဒ် ၈ မှာ ၃၀-၆-၂၀၁၂ ရက်နေ့အထိ ဒီကော်မတီရဲ့ သက်တမ်း ၁၀ လအတွင်းမှာ တိုင်စာအမှုတွဲ ၁၃၀၈ ခု လက်ခံရရှိခဲ့ကြောင်း ၆၀ ရာခိုင်နှုန်းခန့်က တရားမမှုခင်းဖြစ်ပြီးတော့ ၃၅ ရာခိုင်နှုန်းမှာ ရာဇဝတ်မှုခင်းဖြစ်တယ်။ တခြားကိစ္စတွေက ၅ ရာခိုင်နှုန်းလောက်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ စာပိုဒ် ၃ မှာ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးအဆိုကို လွှတ်တော်မှာ တင်သွင်းနိုင်ခဲ့တယ်လို့လည်း ဖော်ပြထားပါတယ်။ ဒီအချက်တွေနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်မှုမရှိဆိုတာ အများသူငှာ ပြောဆိုနေကြပါတယ်။ ဖြောင့်မတ်ကြံ့ခိုင်လာရေးအတွက် အကြောင်းအချင်းအရာအရရော၊ ဥပဒေအရပါ တည့်မတ်ပေးရမှာ ဖြစ်ပါတယ်။ အစီရင်ခံစာရဲ့နောက်ဆက်တွဲစာမျက်နှာ ၂ စာပိုဒ် ၆ အပိုဒ်ခွဲ (ခ)မှာ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့် တရားသူကြီးတွေကို ပြည်သူ့ကိုယ်စားလှယ်တွေနှင့် ပြင်ဆင်ဖွဲ့စည်းသင့်ကြောင်း အစီရင်ခံစာမှာ အကြံပြုထားပါတယ်။ အင်မတန်သင့်မြတ်လှတဲ့ အကြံပြုချက်ဖြစ်ပေမယ့်လည်း လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရတော့ ဒီအကြံပြုချက်ကို အကောင်အထည်ဖော်လို့ ရနိုင်မှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၆) တရားစီရင်ရေးကဏ္ဍမှာ ပါရှိတဲ့ တရားသူကြီးများဖြစ်ဖို့ အရည်အချင်းတွေက ပြည်သူတွေကို ကိုယ်စားပြုထားတာထက် ပညာဂုဏ်၊ ရာထူးဂုဏ်တို့ကိုပဲ ဦးစားပေးပြီး ဖော်ပြထားလို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ရေးဟာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဆိုတဲ့ အဆင့်တိုင်းမှာ လိုအပ်နေတယ်

ဆိုတာကို အစီရင်ခံစာအရရော၊ အပြင်လောကမှာ နေ့တိုင်းကြားနေရ၊ တွေ့နေရ၊ မြင်နေရတဲ့ အကြောင်းအရာတွေအရလည်း ထင်ရှားလှပါတယ်။ ဒီကနေ့ ရှိနေတဲ့ ဥပဒေတွေက တရားသူကြီးတွေကို အကာအကွယ်ပေးတဲ့ ဥပဒေတွေ များနေပါတယ်။ တရားရုံးများကို မထီမဲ့မြင်ပြုခြင်း၊ တရားသူကြီးတွေကို တရားမကြောင်းဖြင့် အရေးမယူနိုင်ခြင်း၊ သဘောရိုးဖြင့် ဆောင်ရွက်ခြင်း ဒီပြစ်မှု မမြောက်ခြင်း စတဲ့ ဥပဒေရဲ့ ရည်ရွယ်ချက်ကောင်းတွေဟာ တရားသူကြီးတွေ လုပ်ချင်တာ လုပ်နိုင်အောင် ကာကွယ်ပေးထားသလို ဖြစ်နေပါတယ်။ နောက် တရားသူကြီးတွေရဲ့ အမှားတွေကို အထက်အဆင့်ဆင့် တရားသူကြီးတွေကလည်း ပြုပြင်မပေးဘဲ အမှားတွေကို ပြုပြင်ပေးရမယ့်အစား အထက်တရားသူကြီးတွေက အဆင့်ဆင့် အကာအကွယ်ပေးနေကြတယ်ဆိုတာကိုလည်း အများကြီး တရားစီရင်ရေးလောကမှာ ကြားနေ၊ သိနေကြရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကြုံဖူးတာတွေ အများကြီးရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်မှုရှိလာအောင် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တရားသူကြီးတွေကို အလွန်အကျွံ အကာအကွယ်ပေးနေတဲ့ ဥပဒေတွေကိုလည်း ပယ်ဖျက်ပေးဖို့ လိုအပ်လှပါတယ်။ ကျွန်တော်ဟာ ရှေ့နေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုတဲ့ သူတစ်ယောက်ပါ။ ကျွန်တော့် ရှေ့နေလုပ်သက် နှစ်ပေါင်းများစွာကာလအတွင်းမှာ ရိုးရိုးသားသားကြိုးစားဆောင်ရွက်ကြတဲ့ တရားရေးအရာရှိတွေ၊ ဥပဒေအရာရှိတွေကို အများကြီးတွေ့ဖူးပါတယ်။ ဒီလူတွေဟာ ကိုယ့်တာဝန် ကိုယ့်အလုပ်ကို ရိုးသားကြိုးစား ဆောင်ရွက်ကြတဲ့အတွက်ကြောင့် ချီးကျူးဂုဏ်ပြုစရာမလိုဆိုပေမယ့်လည်း မိမိတို့ရဲ့ လုပ်ပိုင်ခွင့်ကို မတရားဆောင်ရွက်ကြတဲ့အတွက် ပြည်သူတွေ ဘဝပျက်ကြတာတွေအတွက်တော့ အရေးယူဖို့ လိုအပ်ပါတယ်ခင်ဗျား။ အရေးယူတယ်ဆိုရာမှာလည်း ဌာနဆိုင်ရာ အရေးယူခြင်းလောက်နဲ့တော့ မလုံလောက်ပါဘူး။ ခေတ်စကားနဲ့ပြောရရင်ရယ်စရာပေါ့ဆိုတဲ့ စကားဖြစ်နေပါတယ်။ အရေးယူတယ်ဆိုရာမှာလည်း ဌာနဆိုင်ရာ အရေးယူခြင်းလောက်နဲ့တော့ မလုံလောက်ပါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြောဖူးသလို တည်ဆဲဥပဒေများနှင့်အညီ အရေးယူရန်လည်း လိုအပ်တယ်ဆိုတာ တင်ပြလိုပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်မှသာ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ရေးအတွက် ဝိုင်းဝန်းကူညီဖြောင့်မတ်ပေးရေးအဆိုကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အတွေ့အကြုံအများကြီးအနက်က အချိန်ကလည်း များများစားစား ခွင့်မပေးတော့ မိသားစုတွေ ဘဝပျက်သွားကြတဲ့ ဖြစ်ရပ်တွေအနက်က ဖြစ်ရပ် ၂ ခုလောက်ကိုတော့ သတိပြုသင့်ဖွယ်ရာ အဖြစ်အပျက်တွေအဖြစ်နဲ့ ဒီလွှတ်တော်ကြီးမှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြ

လိုပါတယ်။ ပထမတစ်ခုကတော့ ဦးခင်မောင်ဝင်းနှင့် ဦးဘိုမောင် ဆိုတဲ့ အမှုဖြစ်ပါတယ်။ အခု ကျွန်တော်တင်ပြမယ့် အမှု ၂ လုံးဟာ ကျွန်တော်နေထိုင်တဲ့ ကျောက်ဖြူမြို့က အဖြစ်အပျက်တွေပါ။ ဒီ ဦးခင်မောင်ဝင်းနှင့် ဦးဘိုမောင် အမှုက ခွင့်ပြုချက်နှင့်ထားသူကို နှင်ထုတ်လို့မှု ဖြစ်ပါတယ်။ ဒီနေရာ မှာ လိုက်နာရမယ့် စီရင်ထုံးကို မလိုက်နာချင်တဲ့အတွက် အမှုကို ဆုံးဖြတ်တဲ့ တရားသူကြီးတွေက လိုက်နာရမယ့် စီရင်ထုံးကို ဘေးဖယ်ထားပြီးတော့ ဆုံးဖြတ်ချက်ချလိုက်တဲ့အတွက်ကြောင့် ဒီအမှု အကြောင်းကို တင်ပြမှာ ဖြစ်ပါတယ်။ အမှုဖြစ်စဉ်ကတော့ အကျဉ်းချုပ်တင်ပြပါမယ်။ ဦးဘိုမောင်ဆိုတဲ့ လူက ဦးခင်မောင်ဝင်း အမေရဲ့ မောင်အရင်း ဖြစ်ပါတယ်။ ဦးဘိုမောင်ဟာ လူပျိုဘဝတုန်းက ဦးခင်မောင်ဝင်း မိဘတွေနှင့် အတူနေခဲ့တယ်။ ကျောက်ဖြူမြို့မှာ ၁၉၆၃ နောက်ပိုင်းမှာ စေတီတောင် ရပ်ကွက်ဆိုတဲ့ ရပ်ကွက်သစ်မှာ မြေကွက်တွေ ချပေးတယ်။ ဦးဘိုမောင်က အဲဒီရပ်ကွက်မှာ မိမိနာမည် နှင့် နှစ်ပေါင်း ၃၀ ကျော်လောက် အခွန်ဆောင်ပြီးတော့ နေလာခဲ့တယ်။ ဦးဘိုမောင်တို့ မိသားစုက အင်မတန် ဆင်းရဲကြတယ်။ သားသမီးတွေကလည်း အရွယ်မရောက်ကြသေးဘူး။ မိအိုဖအိုနှင့်အချိန် မှာ တရားစွဲခံရပါတယ်။ ဦးခင်မောင်ဝင်းတို့မှာ ညီအစ်ကိုမောင်နှမ ၃ ယောက်ရှိပါတယ်။ မိဘတွေ ကွယ်လွန်သွားတဲ့နောက်ပိုင်း ၂၀၀၀ ပြည့်နှစ်ဝန်းကျင်လောက်မှာ ဦးခင်မောင်ဝင်းက ဦးဘိုမောင်ကို သူနေထိုင်တဲ့မြေကွက်ကို သူ့ဖခင်ထံက အမွေဆက်ခံရရှိကြောင်း ဦးဘိုမောင်ကို သူ့ဖခင်က ခွင့်ပြုချက်နှင့် ထားခဲ့ကြောင်း၊ ထိုမြေကွက်မှ နှင်ထုတ်ခွင့်ရလိုကြောင်းဖြင့် တရားစွဲဆိုပါတယ်။ အောက်ရုံးတွေမှာ ကြုံခဲ့တွေ့ခဲ့ရတာ စက်ဆုပ်ဖွယ်ရာတွေကတော့ မပြောတော့ပါဘူး။ မူလရုံးမှာ ဦးဘိုမောင် ရှုံးပါတယ်။ ရန်ကုန်မြို့ တရားရုံးချုပ်ကို ဒီအမှု ၂၀၀၆ ခုနှစ်လောက်မှာ ရောက်ပါတယ်။ ဦးဘိုမောင်အမှုနှင့် တစ်ထပ်တည်းလောက်တူညီတဲ့ စုံညီခုံရုံးဆိုတဲ့ တရားရုံးချုပ်မှာ အမြင့်ဆုံးစီရင် ရုံးပါ။ စုံညီခုံရုံးက ဆုံးဖြတ်ခဲ့တဲ့ စီရင်ထုံးကလည်း ရှိနေတော့ ဒီစီရင်ထုံးကလည်း ပူပူနွေးနွေးရှိ နေတယ်။ ဒီစီရင်ထုံးမှာ ခွင့်ပြုထားတာကတော့ ပိုင်ရှင်ဟောင်းရဲ့ မရွှေ့မပြောင်းနိုင်သော ပစ္စည်းမှာ နေထိုင်သူကို နှင်ထုတ်မယ်ဆိုရင် တရားစွဲမယ့် ဆက်ခံသူဟာ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းကို တရားဝင်ပိုင်ဆိုင်သူ ဖြစ်ရန် လိုကြောင်း ခွင့်ပြုထားပါတယ်။ ဦးခင်မောင်ဝင်းနှင့် သူ့ဖခင် ၂ ဦးလုံးဟာ ဦးဘိုမောင်နေတဲ့ အစိုးရ မြေကွက်ကို တရားဝင်ပိုင်ဆိုင်တယ်ဆိုတဲ့ အထောက်အထား တစ်ခုမှ မရှိကြပါ။ ဦးဘိုမောင်က မိမိနာမည်နှင့် နှစ်ပေါင်း ၃၀ လောက် အခွန်ဆောင်ပြီးတော့ နေထိုင်တဲ့မြေ ဖြစ်ပါတယ်။ ရန်ကုန် တရားရုံးချုပ်မှာ အထက်ပါစုံညီခုံရုံးရဲ့ စီရင်ထုံးကို ဦးဘိုမောင်ဘက်က တင်ပြခဲ့ပါတယ်။ စီရင်ထုံးကို အမှုဆုံးဖြတ်တဲ့ တရားသူကြီးက ပညာရှိဆိုတော့ ပညာသုံးလိုက်ပါ

တယ်ခင်ဗျား။ စီရင်ချက် ထွက်လာတော့ အဲဒီအဆို စုံညီခုံရုံး စီရင်ထုံးအကြောင်း လုံးဝဖော်ပြခြင်း လည်း မရှိတော့ဘူး။ ထည့်သွင်းသုံးသပ်ခြင်းလည်း မရှိတော့ဘူး။ အဲဒီစုံညီခုံရုံးရဲ့ စီရင်ထုံးကို ထည့်သွင်းဖော်ပြသုံးသပ်ရင် လိုက်နာရမယ့် စီရင်ထုံးဖြစ်တဲ့အတွက်ကြောင့် အမှုဆုံးဖြတ်တဲ့ တရားသူကြီးက မလွဲမသွေ လိုက်နာရမှာဖြစ်လို့ မျက်ကွယ်ပြုလိုက်ပါတယ်။ ဦးဘိုမောင်တို့ မိသားစု လည်း ဘဝပျက်သွားကြပါတယ်။ မကျေနပ်လို့ တိုင်ရင် တရားရုံးများကို မထီမဲ့မြင်ပြုခြင်း ထိနိုင်ပါ တယ်။ အဲဒီလို ထိလို့ လိုင်စင်ရုပ်သိမ်းခံထားရတဲ့ ကျွန်တော့်မိတ်ဆွေတွေ ဒုနဲ့ဒေးပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသေးတယ်။ သည်းခံပြီးတော့ အချိန်ပေး စေချင်ပါတယ်။ ဒါအင်မတန် ပြည်သူတွေရဲ့ ဘဝပျက်ယွင်းရတဲ့ထဲက ဒီလွှတ်တော်က ကိုယ်စားလှယ် တွေ ကြားသင့်တယ်လို့ ထင်တဲ့အတွက်ကြောင့် တင်ပြမှာ ဖြစ်ပါတယ်။ ခုတင်ပြမယ့် ဖြစ်ရပ်ကတော့ တရားစီရင်ရေးကဏ္ဍတစ်ခုတည်းက သက်ဆိုင်တဲ့ အမှုမဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင် လိုက်ပါ ဆောင်ရွက်ခဲ့တဲ့အမှုလည်း မဟုတ်ပါဘူး။ ကျွန်တော့် အိမ်ရှေ့မှာ၊ ကျွန်တော့်မျက်စိရှေ့မှာ ကျောက်ဖြူ မြို့ရဲ့ အလယ်ခေါင်မှာ၊ မြို့လယ်ရပ်ကွက်ကြီးမှာ ဖြစ်နေတဲ့ ဖြစ်ရပ်ပါ။ ဒီအမှုမှာ တရားလို ဦးမျိုးသိန်း ဆိုတဲ့ ပုဂ္ဂိုလ်က တရားပြိုင် ဦးသန်းမြင့်ဆိုတဲ့ ပုဂ္ဂိုလ်ကို စွဲတဲ့အမှု ဖြစ်ပါတယ်။ အမှုက ကျူးကျော်မြေ ကို လက်ရောက်ရလိုမှု ဖြစ်ပါတယ်။ ကျူးကျော်မြေကို လက်ရောက်ရလိုမှု အမှန်တကယ်တော့ မြေကြီးပေါ်မှ ကျူးကျော်မှု ဘာမှမရှိဘူး။ ဒါပေမယ့် မြေပုံရေးဆွဲတဲ့အခါကျတော့ ကျူးကျော်ထားတယ် လို့ ရေးဆွဲတယ်။ ဒီဂရီ အတည်ပြုတဲ့အခါကျတော့ ဦးသန်းမြင့်က ဦးမျိုးသိန်းရဲ့ မြေပေါ်မှာ ကျူးကျော်လို့မှ မရှိဘဲ။ ဦးသန်းမြင့် ရဲ့ လက်ရှိခြံထဲက မြေကြီးတွေကို ယူပြီးတော့ ဦးမျိုးသိန်းကို ပေးလိုက်တယ်။ ဘယ်လောက် ရင်နာဖွယ်ရာ ဖြစ်ရပ်လည်း နည်းနည်းလေးချန်ထားပြီးတော့ ပြောပါ မယ်။ ဥပဒေအကြောင်း မပြောခင် အကြောင်းအချင်းအရာလေး နည်းနည်းလေး တင်ပြပါရစေခင်ဗျား။ ဦးမျိုးသိန်း၏ ဖခင် ဦးညီငယ် ဆိုတဲ့ ပုဂ္ဂိုလ်မှာ ကျောက်ဖြူမြို့အလယ်မှာ ဗိုလ်ချုပ်လမ်းနှင့် ဖြတ်လမ်း ၃ လမ်းဆုံမှာ ဦးပိုင်အမှတ် ၁၁၇ မြေကွက်ရှိပါတယ်။ ဒီမြေကွက်မှာ အနောက်ဘက်က မြေနှစ်ကွက်ကို ဦးညီငယ်က ရောင်းစား ပစ်လိုက်တော့ အရှေ့ဘက် ဖြတ်လမ်း ၃ နားမှာ ပေ ၄၀ x ၅၀ လောက် မြေကွက်တစ်ကွက် ကျန်တယ်။ ဒီမြေကွက်ကို သူ့သား ဦးမျိုးသိန်းကို လွှဲပြောင်းပေးလိုက်တယ်။ ၁၉၈၅ ခုမှာ ဦးညီငယ်ပိုင်တဲ့ ဦးပိုင် အမှတ် ၁၁၇ မြေကွက်ရဲ့ တောင်ဘက်နားမှာ ရှိတဲ့ ဦးပိုင်အမှတ် ၁၁၈ မြေကွက်ကို အခုတရားစွဲ ခံရတဲ့ ဦးသန်းမြင့်နှင့် အစ်မဖြစ်တဲ့ ဒေါ်ခင်နုတို့ မောင်နှမ ၂ ယောက်က မူလပိုင်ရှင် ဆရာမကြီး ဒေါ်စန်းစန်းရီ ထံမှ ဝယ်လိုက်ပါတယ်။ ဝယ်ပြီးတော့ ၈၅ ခုနှစ်ကပဲ နေတယ်။

ဒါပေမယ့် ၁၉၉၁ ခုနှစ်မှာ မြေတိုင်း ဌာနနှင့် တရားဝင်တိုင်းတာပြီးတော့ သူတို့ မောင်နှမ ၂ ယောက် မြေခွဲဝေကြတဲ့အခါ ဦးသန်းမြင့်က မြောက်ဘက်အခြမ်းကို ရတယ်။ ဦးညီငယ်နှင့် ခြံစည်းရိုးချင်း ဆက်တယ်။ သူ့အစ်မက တောင်ဘက် ခြမ်းကို ရတယ်။ တိုင်းတာခွဲဝေပေးတာလည်း မြေတိုင်းဌာနက တိုင်းတာခွဲဝေပေးတယ်။ ဒီလို ခွဲဝေပေး ပြီးမှ မှတ်ပုံတင်စာချုပ်လုပ်လို့ ရတယ်။ ဦးသန်းမြင့်က ပင်စင်စားဆိုတော့ သားသမီးတွေ စာသင်ဖို့၊ သူထမင်းစားဖို့အတွက် အိမ်ယာမြေကို ရောင်းစားရ ပါတယ်။ ၂၀၀၄ ခုနှစ်မှာ ဦးသန်းမြင့်က မြောက်ဘက်အခြမ်းက သူ့မြေက ပေ ၁၂၀ လောက်ရှည် ပါတယ်။ မြောက်ဘက်အခြမ်းက တရားလို ဦးမျိုးသိန်းရဲ့ ခြံစည်းရိုးဘက်နားက အရှည်ပေ ၆၀၊ အကျယ်က ပေ ၂၀ လောက်ရှိတဲ့ မြေကို မြေတိုင်း ဌာနနှင့် တိုင်းတာပြီးတော့ အဲဒီတုန်းက ကာလ တန်ဖိုးကျပ်သိန်း ၃၀ လောက်နဲ့ ရောင်းလိုက်ပါတယ်။ စာချုပ်အမှတ်က ၂၄/၂၀၀၄ ခု၊ စာချုပ် မှတ်ပုံတင်ပြီး ရောင်းလိုက်တယ်။ ရောင်းလိုက်တဲ့အတွက် ဦးဦးချေဆိုတဲ့ လူက သူဝယ်တဲ့ မြေမှာ အဆောက်အဦ ဆောက်ဖို့ ဖောင်ဒေးရှင်းချတယ်။ ဖောင်ဒေးရှင်းချတော့ ခြံစည်းရိုးနားကိုကပ်ပြီးတော့ မြေတူးတယ်။ မြေတူးတဲ့အခါ မူလခြံစည်းရိုး ပျက်တာပေါ့။ ဒီတော့ ဟိုဘက်ခြံ၊ ဒီဘက်ခြံ စကား များတယ်။ အဲဒီအချိန်မှာ ဦးမျိုးသိန်းရဲ့ခြံမှာ ဦးမျိုးသိန်းက မနေဘူး။ ဒေါ်ညွန့်သိန်းဆိုတဲ့ပုဂ္ဂိုလ်ကို ငှားထားတာလား၊ ပေးထားတာလားမသိဘူး။ သူက လုပ်ငန်းရှင်၊ လုပ်ငန်းရှင်ဆိုတော့ အဲဒီမြေမှာ သူက အဆောက်အဦက အပြည့်အဝဆောက်ပြီးသား၊ နောက်မြေနှင့်ပတ်သက်ပြီးတော့ စကားများကြတယ်။ မြေတိုင်းဌာနက လာပြီးတော့ မြေတိုင်းတယ်။ မြေတိုင်းတဲ့အခါ ဦးသန်းမြင့်ဆီမှာ မြေ ၁၀ ပေလောက် ပိုနေတယ်ဆိုပြီးတော့ စကားထွက်လာတယ်။ ၂၀၀၄ ခုနှစ်လောက်မှာ အဲဒီ စကားထွက်လာတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပိုနေတယ်ဆိုတာနှင့် ကျူးကျော်တာနှင့်မတူပါဘူး။ ပိုနေတယ်ဆိုတာ ဘာကြောင့်ပိုနေလဲ။ ဦးသန်းမြင့်၊ ဦးမျိုးသိန်းတို့ ဖခင် ဦးပိုင်အမှတ် ၁၁၇ နှင့် ၁၁၈ ကြားမှာ ခြံစည်းရိုးက ၁၂၀ ရှည်ပါတယ်။ ပိုတယ်ဆိုတာက ပေ ၅၀ လောက်နေရာမှာ လာပိုတယ်ဆိုပြီးတော့ ပြောတာ။ ပိုတာနှင့် ကျူးကျော်တာ မတူပါဘူး။ ပိုနေတယ်ဆိုတာ တရားလို ဦးသန်းမြင့်ရဲ့ မြေကွက်မှာ ပိုတာလား။ မူလက ရှိနေတဲ့ ဦးပိုင်အမှတ် ၁၁၈ ဒီမောင်နှမ ၂ ယောက် မခွဲခင်က ပိုနေတာလား။ ဒါလည်း မသဲကွဲပါဘူး။ ဒီဦးပိုင်အမှတ် ၁၁၇ မြေကွက်ကို မူလပိုင်ရှင် ဦးမျိုးသိန်းရဲ့ အဖေ ဦးညီငယ်က ဒေါ်အေးအိုင်ဖြူဆိုတဲ့ သူနှင့် ဦးသန်းရွှေမောင်တို့ကို အိမ်ယာမြေ ၂ ကွက် ဖြတ်ပြီးတော့ ရောင်းခဲ့ပါ တယ်။ အဲဒီတုန်းကလည်း ပိုတယ်၊ လိုတယ်ဆိုတာ မပေါ်ပေါက်ခဲ့ဘူး။ နောက်တစ်ခါ ဦးညီငယ်က သားဖြစ်တဲ့ ကိုမျိုးသိန်းကို လွှဲပေးတဲ့အချိန်ကလည်း ဒီမြေပိုတယ်၊ လိုတယ်ဆိုတာ မပေါ်ပေါက်ခဲ့ပါ

ဘူး။ ဒါတွေက ဒီမြေကွက်နှင့် ပတ်သက်ပြီးတော့ အငြင်းထွက်နေတဲ့ဟာပါ။ ပိုနေတယ်ဆိုရင်လည်း တရားစွဲဆိုလို့မရပါဘူး။ ပိုနေတယ်ဆိုတာ ပိုချင်လို့ပိုနေတယ်။ ဘာကြောင့်ပိုနေတယ် ဘယ်သူမှ မသိဘူး။ ပြောရမယ်ဆိုရင်တော့ အများကြီးပေါ့။ ဒုတိယကမ္ဘာစစ်တုန်းက ဒါတွေဖြစ်ခဲ့တာတွေ ရှိပါတယ်။ ဒါကျွန်တော် မပြောတော့ပါဘူး။ ပိုနေရင် ဥပဒေက တရားစွဲလို့မရဘူး။ ကျူးကျော်မှ တရားစွဲလို့ ရတယ်။ ဒါပေမယ့် တရားစွဲလို့ရတဲ့ အတွက်ကြောင့် ဦးသန်းမြင့်တို့ မိသားစု ဘဝပျက်သွား ကြတယ်။ ဆက်ပြီးတော့ တင်ပြလိုတာက ဦးသန်းမြင့်၊ ဦးမျိုးသိန်း ခြံစည်းရိုးမှာ စောစောက ပြောခဲ့ သလို မြေပုံပေါ်မှာ ကျူးကျော်ထားတယ်လို့ ရေးဆွဲတယ်။ မြေကွက်မှာ တကယ်ကျူးကျော်တာ မရှိတဲ့ အခါ ဦးသန်းမြင့်ရဲ့ မြေကွက်က မြေကို ယူပြီးတော့ ဒီဂရီ အတည်ပြုတဲ့အခါ တရားရုံးက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ ယူပြီးတော့ ပေးလိုက်တယ်။ ဘယ်လိုပေးလိုက်လဲဆိုတော့ မြေစာရင်းဌာနက ဦးဦးချေကို ရောင်းလိုက်တဲ့မြေ တရားဝင်မှတ်ပုံတင်စာချုပ်နဲ့ ရောင်းခဲ့တဲ့မြေ၊ ဒီမြေ အုတ်ဖောင်ဒေးရှင်း ရှိပါတယ်။ ဖောင်ဒေးရှင်းပေါ်မှာ ဦးသန်းမြင့်က တဲလေးဆောက်တယ်။ ဘာကြောင့် တဲလေး ဆောက်လဲဆိုတော့ မြေစာရင်းဌာနက ဦးဦးချေကို ရောင်းတဲ့မြေ သူတို့ တိုင်းလို့၊ သူတို့ ပေးလို့၊ မှတ်ပုံတင်လို့ ရောင်းထားတာ တရားဝင်ဥပဒေနှင့်အညီ ရောင်းထားတဲ့မြေကွက်ကို ဒီမြေတိုင်းတဲ့ အခါ မြေစာရင်းဌာနက လူတွေက မြေအပို၊ အလိုရှိတယ်လို့ သတင်းလွှင့်လိုက်တဲ့အတွက်ကြောင့် ဦးဦးချေ ဆိုတဲ့လူက ဦးသန်းမြင့်ကို ဒီရောင်းထားတဲ့မြေကွက်ကို ခင်ဗျား ပြန်ဝယ်ပါဆိုပြီးတော့ ဦးသန်းမြင့်ကို ပြောလိုက်တော့ ဘယ်လောက်ရိုးသလဲ။ ပိုက်ဆံပြန်ပေးပြီးတော့ စာချုပ်ပြန်ဖျက်ပေးလိုက်တယ်။ အဲဒီ ဖောင်ဒေးရှင်း မြေကြီးထဲမှာ သူတဲလေးထိုးပြီး ပြန်နေတယ်။ ကျွန်တော့်မြေပုံတွေမှာ တရားလို ဘက်က တင်ပြတဲ့မြေပုံရော၊ တရားပြိုင်ဘက်က တင်ပြတဲ့မြေပုံရော တရားလိုက အမှုဆွဲလို့ အမှုစစ် နေတဲ့အချိန်မှာ မြေစာရင်းဦးစီးဌာနက လုပ်ကြံပြီး ရေးဆွဲပေးတဲ့ မြေပုံရော ကျွန်တော့်ဆီမှာ ရှိပါတယ်။ မြေပုံမှာ ဆွဲတာကတော့ ဦးပိုင်အမှတ် ၁၁၇ နှင့် ၁၁၈ ကြားမှာရှိတဲ့ ခြံစည်းရိုးရဲ့ မြောက်ဘက်မှာ ဦးသန်းမြင့် ကျူးကျော်ထားတယ်လို့ ရေးဆွဲထားပါတယ်။ တကယ် ဒီဂရီကို အတည်ပြုလိုက်လို့ ဒီပြီးခဲ့ တဲ့ မေလတုန်းကလို့ ထင်ပါတယ်။ ပေးလိုက်တဲ့အခါကျတော့ ဦးသန်းမြင့်ရဲ့ ခြံစည်းရိုးရဲ့ တောင်ဘက် မှာ လာပြီးတော့ မြေကို ယူပြီးပေးလိုက်တယ်။ ဒီလိုမတရားမှုတွေကို မြင်သာအောင်လို့ ကျွန်တော် အပင်ပန်းခံပြီးတင်ပြတာပါ။ နောက်တစ်ခု ဒီမှာ တင်ပြလိုတာ ရှိပါသေးတယ်။ ဘာလဲဆိုတော့ သင်ခန်းစာယူဖို့ တင်ပြနေတာပါ။ ဒီအမှုမှာ မြေကြီးပေါ်မှာ ကျူးကျော်မှုမရှိဘဲနှင့် မြေပုံပေါ်မှာ ကျူးကျော်တယ်လို့ လုပ်ကြံရေးဆွဲပြီးတော့ ဒီဂရီအတည်ပြုတဲ့အခါ မြေပုံပေါ်မှာ မရှိတဲ့အတွက်

ကြောင့် တရားလိုရဲ့ ခြံထဲက မြေကို ယူလို့မရတဲ့အခါ တရားပြိုင်ရဲ့ခြံထဲက တရားဝင် တရားပြိုင် တရားဝင်ပိုင်တဲ့ မြေကို ယူပြီးတော့ ပေးလိုက်တယ်။ ဒါနံပါတ်တစ် အမှား။ နံပါတ် နှစ် အမှားကတော့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ကျွန်တော်လည်း နိဂုံးချုပ်ပါမယ်ခင်ဗျား။ ၁၂ နှစ် အတွင်းမှာ လွှဲရမယ်ဆိုပေမယ့်လည်း ဦးသန်းမြင့် လက်ရှိနေထိုင်ပြီးတော့ နှစ်ပေါင်း ၂၀ ကြာပြီးမှာ ဆွဲတယ်။ တရားဝင်မှတ်ပုံတင်စာချုပ်လုပ်ပြီးမှ ၁၄ နှစ်ကြာမှ ဆွဲတယ်။ ဥပဒေအရလည်း မှားတယ်။ အကြောင်းအချင်းအရာရလည်း မှားတယ်။ အဲလို အမှားမျိုးကို တရားစီရင်ရေးလောကမှာ တကယ် ကျူးလွန်နေကြတဲ့အတွက်ကြောင့် ဒီပြည်သူတွေ တကယ်ဘဝပျက်ကြတဲ့ အခြေအနေတွေ ရှိနေတယ် ဆိုတာကို တင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ တရားရေးမဏ္ဍိုင်ကို အမှန်တကယ် တည့်မတ်ဖို့ လိုအပ်ပါတယ်။ လမ်းစဉ်ပါတီခေတ်တုန်းကတော့ တရားသူကြီး ၃ ဦးထိုင်၊ ၅ ဦးထိုင်တရားစီရင်ရေး စနစ်ဆိုတာ ရှိခဲ့ပါတယ်။ အဲဒီခေတ်တုန်းကတော့ အကျင့်ပျက် မရှိပါဘူး။ ၁၉၈၉ နောက်ပိုင်းမှာ တာဝန် ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေကို အပြစ်တင်ပြောဆိုနေယုံလောက်နဲ့တော့လည်း ပြီးမှာ မဟုတ်ပါ ဘူး။ ဘယ်လိုဥပဒေတွေ ပြဋ္ဌာန်းပြီးတော့ ကာကွယ်ပေးကြရမလဲဆိုတာ လွှတ်တော်ကိုယ်စားလှယ် တွေ အထူးအလေးအနက်ထား စဉ်းစားဖို့ လိုအပ်ပါကြောင်း တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံပါကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သူရဦးအောင်ကိုက ဥပဒေရေးရာနှင့် တရားစီရင်ရေးနှင့်ပတ်သက်ပြီးတော့ အစီရင်ခံစာတင်ပြထားပါတယ်။ အဲဒီလို တင်ပြတဲ့နေရာမှာ ဥက္ကဋ္ဌအနေနဲ့ သုံးသပ်ပြောဆိုရမယ်ဆိုရင် အစီရင်ခံစာ စာမျက်နှာ ၆ အပိုဒ် ၂၀ အတွက်သာ ကျွန်တော် တို့ဆွေးနွေးဆုံးဖြတ်အတည်ပြုရမှာဖြစ်ပါတယ်။ နိုင်ငံတော်တိုင်းတွင် ဥပဒေစိုးမိုးမှုရှိပါမှ ပြည်သူ လူထုသည် အေးချမ်းလုံခြုံစွာနေထိုင်အသက်မွေးဝမ်းကြောင်း ပြုနိုင်မည်ဖြစ်ပါသည်။ လူ့အခွင့် အရေး၊ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်မည်ဖြစ်ပါသည်။ ဤကော်မတီအနေဖြင့် သန်း ၆၀ ကျော်သော ပြည်သူများ၏ အကျိုးစီးပွားအတွက် တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ် ခိုင်မာလာစေရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးများအပါအဝင်

ဆက်နွယ်နေသော ဝန်ကြီးဌာနများ ကျွန်တော်ထင်ပါတယ်။ တရားစွဲအဖွဲ့အစည်းများ ဖြစ်ကြသော အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ဆက်နွယ်နေသော ရေးရာကော်မတီများနှင့်လည်းကောင်း ဆက်နွယ်နေသော ရေးရာကော်မတီဆိုတာ ဥပဒေရေးနှင့် တရားရေးကော်မတီအပြင် လွှတ်တော်ကဖွဲ့စည်းထားတဲ့ ကျန်တဲ့ကော်မတီများနှင့် လည်းကောင်းလို့ ဆိုလိုတယ်လို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ သူတို့တွေနဲ့ တက်ကြွစွာပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားနေတာ ဒါမှသာ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်နိုင်မယ်ဆိုတဲ့ အဓိပ္ပာယ်ကို တင်ပြသွားခြင်းဖြစ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် ဆွေးနွေးတဲ့နေရာမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအပါအဝင် ဆက်နွယ်နေသော ဝန်ကြီးဌာနများနဲ့ ကျွန်တော်တို့ ကော်မတီများပူးပေါင်းဆောင်ရွက်မှု တက်ကြွစွာရှိဖို့လိုတယ်ဆိုတာ ဒါကိုပဲ အဓိကဆွေးနွေးပြီးတော့ ဒီဟာကိုတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ယူပြီး ဆက်လက်ဆောင်ရွက် သွားဖို့ရှိပါတယ်။ ကျန်တာတွေတင်ပြနေမယ်ဆိုရင်တော့ တင်ပြစရာတွေအများကြီးရှိနိုင်ပါတယ်။ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံရေးသမားများဖြစ်ပါတယ်။ အမျိုးသားနိုင်ငံရေးဖြစ်သလို ပါတီနိုင်ငံရေးသမားဖြစ်ပါတယ်။ နိုင်ငံရေးသမားများအနေနဲ့ မိမိရဲ့နှလုံးသားကရော၊ မိမိရဲ့ဦးနှောက် ကရော ပေါင်းစပ်ပြီး ဆောင်ရွက်မယ့်ကိစ္စမှာ မိမိတို့ရရှိတဲ့အခွင့်အရေးကို အချိန်ပေါ်မူတည်ပြီး အသုံးချသွားဖို့လိုပါတယ်။ ဒါကြောင့် ဆက်လက်ဆွေးနွေးသွားမယ့်ပုဂ္ဂိုလ်များဟာ ခုနက ကျွန်တော် တင်ပြတဲ့ လမ်းကြောင်းက သွေဖယ်ပြီးဆွေးနွေးမယ်ဆိုရင် တစ်ခါတည်း သူ့ရဲ့ဆွေးနွေးမှုကို ရပ်ဆိုင်း ပါမယ်။ ကျန်တဲ့ပုဂ္ဂိုလ်များ ဆက်လက်ဆွေးနွေးနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင်။ ၁၀-၈-၂၀၁၂ မှာ တရားစီရင်ရေးဥပဒေရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုတင်သွင်းခဲ့တဲ့ ကော်မတီအစီရင်ခံစာပါ တရားရေးမဏ္ဍိုင်နှင့် ပြည်သူ့ရပိုင်ခွင့်များ သုံးသပ်ချက်အပိုဒ် ၄ နှင့် အပိုဒ် ၂၀ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိရေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးများအပါအဝင် ဆက်နွယ်နေတဲ့ ဝန်ကြီးဌာနများနှင့် လည်းကောင်း၊ ဆက်နွယ်နေသော ရေးရာကော်မတီများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် အဆင့်မြင့် တရားသူကြီးများ၏ အဂတိလိုက်စားခြင်းအပါအဝင် ဖြောင့်မတ်မှန်ကန်မှုမရှိသော စီရင်မှု၊

လုပ်ဆောင်မှုများအပေါ် အရေးယူရန်လိုအပ်သော အခြေခံဥပဒေတွင် တိကျစွာဖော်ပြထားသည့် အချက်အချို့မှအပ အခြားမည်သည့်အကြောင်းအရာနှင့်မှ အရေးယူဆောင်ရွက်လို့မရနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။ တစ်နည်းအားဖြင့် တရားသူကြီးများကို ကာကွယ်ပေးမှုများနေသောကြောင့် အရေးယူရန် အခွင့်အလမ်း မရှိသလောက်ဖြစ်ပါသည်ဆိုတဲ့ သုံးသပ်ချက် နှင့် ဒီအစီရင်ခံစာအပိုဒ် ၂၀ နှစ်ခုကို ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ တရားစီရင်ရေးအာဏာကုန်လွှဲအပ်ခြင်းခံရတဲ့ တရားသူကြီးများက ဥပဒေ အကာအကွယ်များကို လိုအပ်တာထက်ပိုပြီးတော့ ရရှိနေကြပါတယ်။ တရားရေးဆိုင်ရာ တရားသူကြီး များကို အကာအကွယ်ပေးတဲ့ ဥပဒေများမှာ ရာဇသတ်ကြီးဥပဒေ (ခေါ်) ပြစ်မှုဆိုင်ရာဥပဒေ The Judicial officer production Act ,1850 ,Act No.80 တရားရေးအရာရှိများကို ကာကွယ်ခြင်း အက်ဥပဒေလို့ဖြစ်ပါတယ်။ ပြစ်မှုဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇၇ မှာ တရားစီရင်မှု ဆောင်ရွက်ရာ၌ တရားသူကြီးတစ်ဦးသည် ဥပဒေအရ မိမိရရှိသောအာဏာကို သို့တည်းမဟုတ် ဥပဒေအရ မိမိရရှိ သည်ကို သဘောရိုးနှင့် ယုံကြည်သည့်အာဏာကို သုံးစွဲဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းသည် ပြစ်မှုမမြောက်လို့ ဖော်ပြထားပါတယ်။ အဲဒီအပြင် ပုဒ်မ ၇၆၊ ၇၈၊ ၇၉ နဲ့လည်း ၎င်းတို့က သက်ဆိုင်ပါတယ်။ ဒီပုဒ်မတွေက တရားသူကြီးနဲ့ တရားရေးဝန်ထမ်းများကို ပြစ်မှုကြောင်း အရတရားစွဲဆိုခြင်းမခံရအောင် ကာကွယ်ထားခြင်းဖြစ်ပါတယ်။ တရားရေးအရာရှိများကို ကာကွယ် ခြင်း အက်ဥပဒေများမှာ မည်သည့်တရားသူကြီး၊ ရာဇဝတ်တရားသူကြီး၊ ကော်လိတ္တော်အရာရှိ တရား စီရင်ရေးဆိုင်ရာဆောင်ရွက်သောပုဂ္ဂိုလ်သည် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းကို ထမ်းဆောင်ရာတွင် ၎င်းတွင် စီရင်ပိုင်ခွင့်ရှိကြောင်း သဘောရိုးဖြင့်ယုံကြည်ပြီး ဆောင်ရွက်သည့် ပြုလုပ်မှုအတွက် တရားမ ရုံးတွင် တရားစွဲဆိုခြင်းမခံထိုက်စေရလို့ ဖော်ပြပါရှိပါတယ်။ တရားစီရင်ရေးတာဝန်ကို သဘောရိုးဖြင့် တာဝန်ထမ်းဆောင်ရာမှာ ပြုမူတဲ့ဆောင်ရွက်ချက်များအပေါ် တရားမကြောင်းအရ တရားစွဲဆိုခြင်း မပြုနိုင်ရန် ကာကွယ်ထားခြင်းဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ အဲဒီပုဒ်မများကိုလေ့လာရာမှာ တရား သူကြီးများနှင့် တရားရေးဝန်ထမ်းများကို ပြစ်မှုကြောင်းဆိုင်ရာရော၊ တရားမကြောင်းဆိုင်ရာနဲ့ပါ တရားစွဲဆိုခြင်းမခံရအောင် ကာကွယ်ပေးထားခြင်းဖြစ်ပါတယ်။ အထူးသဖြင့် သဘောရိုးကို အထူး ပြုပြီး ခြွင်းချက်ပေးထားတာကို လေ့လာတွေ့ရှိရပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂ မှာ သဘောရိုး ဆိုတဲ့အဓိပ္ပာယ်ကို ထိုက်သင့်သော သတိပြုခြင်းနှင့် စိတ်အာရုံပြုခြင်းတို့ကင်းသော ပြုလုပ်မှုသည် သို့တည်းမဟုတ် ယုံကြည်မှုသည် သဘောရိုးဖြင့်ပြုလုပ်သည်မမည် သို့တည်းမဟုတ် ယုံကြည်သည်

မမည်လို့ ဖော်ပြထားပါတယ်။ ဒီနေရာမှာ ကျွန်မဆွေးနွေးချင်တာကတော့ သဘောရိုးကိစ္စဖြစ်ပါတယ်။ တရားရေးတရားသူကြီးများ၊ တရားရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအားလုံးဟာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂ မှာပါတဲ့ သဘောရိုးဆိုလိုရင်းကို အားလုံးသဘောပေါက်နားလည်ကြပါတယ်။ ဒါပေမယ့် လက်တွေ့မှာ သဘောရိုးကို ဘယ်လိုမှ တိုင်းတာတွက်ချက်လို့မရတဲ့ အခြေအနေမှာ ရောက်ရှိနေပါတယ်။ ဥပမာပြောရမယ်ဆိုရင် မြို့နယ်တရားသူကြီးတစ်ဦး မှားယွင်းဆုံးဖြတ်လိုက်တယ်။ ဒါမှမဟုတ် ဘက်လိုက်ပြီးဆုံးဖြတ်လိုက်တဲ့ စီရင်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို အထက်ရုံးအဆင့်ဆင့်က ဆက်လက်ပြီးအမှားအတိုင်း ဆုံးဖြတ်တာပါ။ ဒါ့အပြင် အုပ်ချုပ်ရေးအပိုင်းက ဝင်ရောက်စွက်ဖက်လို့ပါရှင်။ ဒါပေမယ့် ဒီကိစ္စကို ကျွန်မသိပ်ပြီးတော့ ဖွင့်မပြောချင်ပေမယ့် ဖွင့်ပြောမှ ဘယ်လိုမျိုးပြုပြင်ပြောင်းလဲလို့ရမလဲဆိုတာကို အဖြေရှာနိုင်မှာမို့လို့ နည်းနည်းရှည်ရှည်ဝေးဝေး ဆက်စပ်ပြီးတော့ဆွေးနွေးခြင်းဖြစ်ပါတယ်။ အမှုတစ်ခုကို တရားသူကြီးက ဆုံးဖြတ်တော့မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာအမှုသည်များက ၎င်းတို့နှင့်စပ်လျဉ်းတဲ့ ဥပဒေအရာရှိများ၊ ရဲများ ၎င်းအပြင် တစ်ဆင့်မြင့်တဲ့ဥပဒေအရာရှိ၊ ရဲများနဲ့ တရားသူကြီးများထံသွားရောက်ပြီးမှ လုပ်ဆောင်သင့်တာကိုလုပ်ကြရပါတယ်။ ၎င်းတို့အားလုံးနဲ့ အဆင်ပြေသွားပြီးမှပဲ သက်ဆိုင်ရာတရားသူကြီးက ဆုံးဖြတ်ကြပါတယ်။ အမှုသည်များက အမှုမှန်ရင် အမှန်ရအောင် မမှန်သည်ကိုလည်း မှန်သည်ဖြစ်အောင် လုပ်ဆောင်ကြရပါတယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းက ၎င်းတို့က တရားခံကို ဥပဒေနှင့်အညီလွှတ်ပေးရင်သော်လည်းကောင်း၊ လျှော့ပေါ့ပေးရင်သော်လည်းကောင်း ထုချေလွှာခဏခဏ အတောင်းခံရခြင်းများနဲ့ တရားစီရင်ရေးကို ကာကွယ်ပေးတဲ့ဥပဒေ အခိုင်အမာရှိခြင်းနှင့် အုပ်ချုပ်ရေးပိုင်းမှပါဝင်လွှမ်းမိုးမှုများပြားခြင်းတို့ကြောင့် ဖြစ်ရပါတယ်။ ဥပမာတစ်ခုပြောရမယ်ဆိုရင် ကျွန်မတို့နယ်မှာ တရားသူကြီးတစ်ဦးပြောင်းလာရာ သူက စစ်ဘက်ဆိုင်ရာကပြောင်းလာခြင်းဖြစ်လို့ ပြောင်းလာကာစမှာ တရားရေးကိုအထူးစိတ်ဝင်စားပြီး လုံးဝအတိအကျအမှန်အကန် ပြုလုပ်ပါတယ်။ လွှတ်ပေးသင့်တာကို လွှတ်ပေး၊ လျှော့သင့်တာကိုလျှော့၊ ကျသင့်တာကိုကျစေဖို့လုပ်ဆောင်ပါတယ်။ ကျွန်မတို့တရားရုံးတစ်ခုလုံးက သူ့ကိုချီးကျူးရတဲ့အထိပါပဲ။ ဒါပေမယ့် နောက်ကျတော့ လွှတ်သင့်တာ နည်းနည်းကျ၊ ကျသင့်တာများများကျဖြစ်လာလို့ တစ်အံ့တစ်သြနဲ့မေးရတဲ့အဆင့် ဖြစ်လာပါတယ်။ ဒါက သူကလွှတ်ပေးရင်၊ လျှော့ပေးရင် ထုချေလွှာအတောင်းခံရတော့ လွှတ်ပေးသင့်တာလျှော့၊ လျှော့ပေးသင့်တာကိုတိုးနဲ့ ငယ်တဲ့အမှုကြီးစေ၊ ကြီးတဲ့အမှုထပ်ကြီးစေနဲ့ ဖြစ်တာပါဆိုပြီးတော့မှ ပြောပါတယ်။ တရားသူကြီး

တစ်ဦးကတော့ ဒီမိုကရေစီခေတ်ရောက်မှ ငါတို့ဘဝကလည်း ကောင်းတော့မှာထင်ပါရဲ့လို့ ပြောပါတယ်။ ကျွန်မသူငယ်ချင်းတစ်ယောက်ကတော့ အခုတော့ ပိုပြီးဆိုးလာပါတယ်ဆိုပြီးမှ ပြောလာပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်အစိုးရက အဂတိလိုက်စားမှု၊ မတရားမှုများမဖြစ်အောင် တစ်ဌာနနှင့်တစ်ဌာန စောင့်ကြည့်ထိန်းညှိခိုင်းခဲ့ပါတယ်။ ဥပမာ- တရားရုံးက လုပ်ဆောင်တာကို စီရင်ဆုံးဖြတ်တာကို ဥပဒေရုံးက စောင့်ကြည့်ထိန်းညှိ၊ ဥပဒေရုံးကလုပ်တာကို ရဲများအုပ်ချုပ်ရေးလိုင်းက စောင့်ကြည့် ထိန်းညှိစသည်ဖြင့် အဆင့်ဆင့်ရှိကြပါတယ်။ ၎င်းတို့အမှန်တကယ် စောင့်ကြည့်ထိန်းညှိရင် အလွန်မှကောင်းမွန်တဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဖြစ်လာမှာ အမှန်ဖြစ်ပါတယ်။ ဒါပေမယ့် ၎င်းတို့အားလုံး အဆင့်ဆင့်ပေါင်းစည်းသွားကြပါတယ်။ တစ်ဦးကိုတစ်ဦး ဖုံးဖိပေး၊ ညှာတာပေးနဲ့ အပြန်အလှန်နားလည် မှုယူ၊ နားလည်မှုပေးလာကြတော့ နိုင်ငံတော်နှင့်ပြည်သူအတွက် အလွန်အန္တရာယ်များလာတဲ့အဆင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအဆင့်ကို ထိပါးလာတဲ့အဆင့်အထိ ရောက်ရှိလာခဲ့ပါတယ်။ ဒီနေရာမှာ ရှမ်းပြည်နယ်မှာဖြစ်ပျက်ခဲ့တဲ့ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဆက်စပ်တဲ့အမှုတစ်ခုကို အကျဉ်းချုံး ပြောပြပါရစေ။ ဒီအမျိုးသမီးတစ်ဦးက ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး အကြီးတန်းစာရေးမဆီမှာ ငွေချေးခဲ့ပြီးမှ ငွေချေးခဲ့တဲ့အချိန်မှာ သူ့ရဲ့စာရေးမကိုယ်ပိုင်ငွေအဖြစ် ချေးခဲ့တယ်။ ဒါပေမယ့် ပြဿနာတက်လာတဲ့ အချိန်အခါကျတော့ သူ့ရဲ့ငွေမဟုတ်ပါဘူး။ ဒီငွေက ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ငွေ ဖြစ်ပါတယ်။ ဘယ်နေ့ဘယ်ရက်မှာ အပြီးဆပ်ပါဆိုပြီးမှ တောင်ကြီးမြို့ ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးတံဆိပ်အတွင်းရေးမှူးလက်မှတ်နှင့်တကွ အဲဒီရုံးစာရေးမ အမည်နဲ့သူ့အမည်တွဲပြီးမှပေးပို့လာတာကို တွေ့မြင်ရတယ်။ နောက်တစ်ကြိမ်ကျတော့ ရက်စွဲသာပြောင်းပြီး စာအမှတ်ကလည်းမပြောင်းဘူး။ အဲဒီမှာတရားစွဲဆိုတဲ့အချိန်မှာလည်း အမှုဖြစ်စဉ်တစ်ခုတည်းကနေပြီးမှ ပြစ်မှုကြောင်းနဲ့ရော၊ တရားမကြောင်းနဲ့ရော စွဲဆိုလာခဲ့ပါတယ်။ အဲဒီမှာ ထူးခြားတာတစ်ခုကတော့ တရားခံကိုအမှုစွဲဆိုရာမှာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးက တာဝန်ရှိသူတွေကတရားစွဲရမှာဖြစ်ပေမယ့် စာရေးမကစွဲခဲ့ခြင်းဖြစ်ပါတယ်။ ဒီပုံစံက ကျွန်မတို့ရဲ့ ပြည်နယ်လုပ်ပိုင်ခွင့်၊ ပယကရဲ့ လုပ်ပိုင်ခွင့်တွေကို ခယကရဲ့စာရေးမက အလွဲသုံးစားလုပ်နေတာကို ပေါ်ပေါက်ပါတယ်။ ဒါပေမယ့် ပယက ကဒီစာရေးမကို တရားစွဲမယ့်အစား စာရေးမက တစ်ခြားလူ တစ်ယောက်ကိုတရားစွဲခြင်းအားဖြင့် အမှုလမ်းကြောင်း မှားသွားပါတယ်။ ဒီအမှုလမ်းကြောင်းမှား တာကိုတရားသူကြီးများက သိလျက်နဲ့လက်ခံခဲ့ပါတယ်။ အဲဒီမှာ တရားခံဘက်က ငွေချေးခဲ့တယ် ဆိုတဲ့

မှတ်တမ်းစာအုပ်ငွေဝင်၊ ငွေထွက်စာရင်း ဘဏ်ကို ဘဏ်သွင်းငွေချလံတွေ သက်သေတင်ပြခိုင်းတော့ မတင်ပြနိုင်တဲ့အပြင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးက လက်မှတ်ရေးထိုးပြီးစာထုတ်ပေးခဲ့တဲ့ အတွင်းရေးမှူးဆိုတဲ့သူတွေကိုလည်း သက်သေမတင်ပြနိုင်ခဲ့ပါဘူး။ အဲဒီရဲ့အမှုမှာ တရားသူကြီးများရဲ့ဘဝက အလွန်သနားစရာကောင်းလှကြောင်း ကျွန်မက လက်တွေ့သိလိုက်ရပါတယ်။ သူတို့ထံကို အုပ်ချုပ်ရေးပိုင်းက အကြိမ်ကြိမ်ဝင်စွက်လို့ အစည်းအဝေးအကြိမ်ကြိမ်သွားရခြင်း၊ ဖိအားပေးခံရခြင်း အုပ်ချုပ်ရေးပိုင်းအဆင့်ဆင့်နှင့် တရားရေးအဆင့်ဆင့်တို့က ဖိအားပေးခြင်းတို့ကို မြင်တွေ့ခဲ့ရပါတယ်။ အဲဒါနဲ့ တရားခံက လုံးဝမခံမရပ်နိုင်ဖြစ်ပြီး စသုံးလုံးဆီတိုင်တန်းခဲ့ရာ စသုံးလုံးက စစ်ဆေးရာမှာ အကြောင်းအရင်းမှန်ကို သိသွားခဲ့သော်လည်း မတရားပြုလုပ်ခဲ့သူကို အရေးယူလို့မဖြစ်တာကြောင့် ဒီအတိုင်းပဲကြည့်နေခဲ့ရတာကို မြင်တွေ့ခဲ့ရဘူးပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီတစ်ယောက်ကို ဖော်ထုတ်လိုက်ရင် သူနဲ့ဆက်စပ်တာ အကုန်လိုက်ရတော့မှာဖြစ်လို့ဆိုတဲ့ကိစ္စရပ်ကို သိလိုက်ရပါတယ်ရှင်။ အဲဒီအတွက်ကြောင့် တရားခံက မဖြစ်သင့်တာဖြစ်ပြီးတော့ မနစ်နာသင့်တာကို နစ်နာခဲ့ရပါတယ်။ ဒီနေရာမှာ ကျွန်မတို့ရဲ့အုပ်ချုပ်ရေးပိုင်း တရားစီရင်ရေးအပိုင်းနဲ့ တခြားဌာနအဖွဲ့အစည်းတွေက တစ်ဦးကိုတစ်ဦး ဖုံးဖိပေး၊ ညှာတာပေးမှုနဲ့ အပြန်အလှန်နားလည်မှုယူ၊ နားလည်မှုပေးနဲ့ အချင်းချင်းပေါင်းစပ်သွားကြတာကို တွေ့မြင်ခဲ့ကြရပါတယ်။ အမှုမှန်လည်း မပေါ်ပေါက်ခဲ့ပါဘူးရှင့်။ အဆင့်ဆင့်က ဖုံးဖိပေးနေလို့ သဘောရိုး၏၊ မရိုး၏လည်း ဖော်ထုတ်စစ်ဆေးလို့မရတော့ပါဘူးရှင်။ မတရားလုပ်ကြံဖန်တီးသူကိုလည်း တရားစွဲဆိုလို့ မရတော့ခံရသူများအဖို့ အလွန်နစ်နာခဲ့ပါတယ်။ အဲဒီလိုပဲ အမှုတော်တော်များများဟာ အမှုသည်များ၊ ရှေ့နေ၊ တရားသူကြီးနဲ့ ဥပဒေအရာရှိများက ရုံးချုပ်အထိလိုက်ပေးလေ့ရှိလို့ သဘောရိုး၊ မရိုးမဆန်းစစ်နိုင်တော့ပါ။ အောက်ရုံးက ဆုံးဖြတ်ပြီးတဲ့အမှုများကို ရုံးချုပ်က အစီရင်ခံစာကြည့်ပြီး မတင်လာတာကို အလိုအလျောက်အမှုခေါ်စာဖြင့် ခေါ်ယူစစ်ဆေးရင်တောင်မှ လမ်းကြောင်းရှိတဲ့အတွက် အမှုမှန်ပေါ်ပေါက်နိုင်ခြင်းအားနည်းပါတယ်။ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူပြုမှု၊ မတရားမတော်မတရားပြုမှုဆိုတာကို ဒီလိုမျိုးအခြေအနေ အနေအထားမှာ သက်သေထင်ရှားပြနိုင်ဖို့ အလွန်ခဲယဉ်းပါတယ်။ တစ်ဌာနကသိရင် နောက်တစ်ဌာန ဒါမှမဟုတ် သက်ဆိုင်သူက အလိုအလျောက်သိသွားကြပါတယ်။ ဒါကြောင့် တိုင်တန်းစာများဟာ အရာမထင်ဖြစ်တတ်ပါတယ်။ တရားစီရင်ရေးကိုလာတဲ့စာတစ်စောင်ထဲမှာ အကြံပြုချက်တောင်းလို့ ကျွန်မက ပြစ်မှုဆိုင်ရာနဲ့တရားစွဲဖို့ အကြံပေးလိုက်တော့ သူက တရားသူကြီး၊ ဥပဒေအရာရှိ ရဲနှင့် အုပ်ချုပ်ရေးမှူးက တစ်ပေါင်းတည်းဖြစ်နေလို့

တရားမစွဲရဲပါဆိုပြီး ဖုန်းပြန်ဆက်လာတာနဲ့ ကြုံတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အမှုမြောက်မြားစွာကို စစ်ဆေးတဲ့အခါမှာ ဤကဲ့သို့သော အမှုပေါင်းများစွာကို မြင်တွေ့ခဲ့ရပါတယ်။ အကြောင်းအရင်းကို ရှာကြည့်တော့ တရားသူကြီး၊ တရားရေးဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ကာကွယ်ပေးခြင်းက များပြားနေကြောင်းတွေ့နေရပါတယ်။ ၎င်းတို့ကို တရားစွဲဆိုတော့မယ်ဆိုလို့ရှိရင်လည်း ခွင့်ပြုချက် တောင်းရပါတယ်။ ခွင့်ပြုချက်မရရင် တရားစွဲလို့မရပါဘူး။ တရားမလည်း ပိတ်ပင်ထားသလို ပြစ်မှု ကြောင်းအရလည်း ပိတ်ပင်ရာရောက်ပါတယ်။ ခြွင်းချက်မှာလည်း ပြစ်မှုမမြောက်လို့ဆိုထားတဲ့အတွက် မှန်တဲ့အကြောင်းအရာပဲဖြစ်စေ၊ မှားတဲ့အကြောင်းအရာပဲဖြစ်စေ ရဲစခန်းမှာတိုင်တန်းလျှင် တရားရုံးက ဦးတိုက်လျှောက်ထားရင် ပြစ်မှုမမြောက်ဟုဆိုပြီး အမှုကိုလက်ခံလေ့မရှိပါ။ သဘောရိုးဆိုတဲ့အကာ အကွယ်ကို တချို့ဝန်ထမ်းများက ကောင်းစွာအသုံးချနေပါတယ်။ အမှုသည်များ၊ ပြည်သူများရဲ့ နစ်နာ မှုများကို ဘယ်လိုကုစားမှုပေးရမလဲဆိုတာကို ပြည်သူ့ကိုယ်စားလှယ်များက စဉ်းစားပေးသင့်တယ်လို့ သဘောရရှိပါတယ်။ ကျွန်မကတော့ တရားသူကြီးနှင့် တရားရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများကို အကာအကွယ်ပေးသော ဥပဒေများ၊ ပုဒ်မများကို ရုပ်သိမ်းရန်လိုအပ်တယ်လို့ ယုံကြည်ပါတယ်။ ဒါမှ သဘောရိုးဖြင့်ပြုလုပ်သောသူ ပို၍ သမာသမတ်ကျသွားမည်ဖြစ်ပြီး မရိုးသားသောသူများ၊ သဘောရိုး ဖြင့်ဖြစ်လာကာ နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေးကို ထိရောက်စွာလုပ်ကိုင်လာနိုင်မည်ဖြစ်ပါတယ်။ ဒီဥပဒေပုဒ်မများကို ရုပ်သိမ်းလိုက်ခြင်းဖြင့် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူပြုမှု၊ မတော်မတရားပြုလုပ်မှုအတွက် ဥပဒေထပ်မံပြဋ္ဌာန်းရန်တောင် မလိုအပ်တော့ပါဘူးရှင်။ မိမိတို့ကိုယ် တိုင် မိမိတို့ထိန်းသိမ်းတော့မှာဖြစ်ပါတယ်ရှင်။ ပြည်သူ့ကောင်စီခေတ်မှာ တရားသူကြီးများဟာ ပြည်သူ့ကိုယ်စားလှယ်များသာဖြစ်လို့ ဒီဥပဒေရဲ့ အကာအကွယ်လိုအပ်ခြင်း ဖြစ်ပါတယ်။ ယခု ခေတ်တရားသူကြီးများဟာ ပညာရှင်များဖြစ်ပြီးမှ ဆင်ခြေတုံတရားနဲ့ ပြည့်ဝသူများဖြစ်တဲ့အတွက် အကာအကွယ် မပေးသင့်တော့ပါဘူး။ ကျွန်မတို့ မြန်မာနိုင်ငံအခြေအနေနဲ့ တခြားသော နိုင်ငံများရဲ့ အခြေအနေတူညီမှုမရှိပါဘူး။ အမြန်ဆုံးပြုပြင်ပြောင်းလဲလိုရင် ဝန်ထမ်းအားလုံးကို လစာ အလုံအလောက်ပေးပြီး အကာအကွယ်ပေးထားတဲ့ ဥပဒေအားလုံးကို ရုပ်သိမ်းကာ မိမိကိုယ်ကိုမိမိ တာဝန်သိမှု၊ တာဝန်ယူမှု အလုံအလောက်ရှိပြီးဖြစ်တဲ့အချိန်ကျမှ ပြန်လည်ပြဋ္ဌာန်းရင် သင့်လျော်တယ် လို့ယူဆပါတယ်။ မြို့နယ်တရားသူကြီးအဆင့်မှစ၍ တရားသူကြီးများနှင့်အတူ ပြည်သူ့ကိုယ်စားလှယ် များပါဝင်၍ ဂျူရီအဖွဲ့ဖြင့် စစ်ဆေးပြီး ကြီးကြပ်တဲ့အဖွဲ့ဖွဲ့စည်းလျှင် တရားစီရင်ရေးမဏ္ဍိုင်ကို ပို၍သင့်မြတ်ကောင်းမွန်လာကာ လူ့အခွင့်အရေး၊ နိုင်ငံသားရဲ့အခွင့်အရေး အပြည့်အဝရရှိလာမယ်လို့

ပြည်သူများရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်ကျော်ပြီး ကျွန်တော်ဆွေးနွေးခိုင်းပါမယ်။ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။ စာမျက်နှာ (၃) ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမြင့် (ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာတဲ့ လူကြီးမင်းများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့်ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး အကျဉ်းချုပ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့တရားစီရင်ရေးစနစ်ကို ခေတ်သုံးခေတ်နဲ့ ပိုင်းခြားလို့ရပါတယ်။ ပထမတစ်ခေတ်ကတော့ ၁၈၈၆ ခုနှစ်မှ ၁၉၇၀ ခုနှစ်ထိ ဖြစ်ပါတယ်။ တစ်ဦးထိုင် တရားစီရင်ရေးစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ဥပဒေတတ်ကျွမ်းပြီးတော့ တရားစီရင်ရေး အတွေ့အကြုံရှိသူများကို တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒုတိယခေတ်ကတော့ ၁၉၇၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိဖြစ်ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များဖြင့် တရားစီရင်ရေးစနစ်ကို ဖော်ဆောင်ခဲ့ပါတယ်။ ဥပဒေပညာမတတ်တဲ့အပြင် တရားစီရင်ရေးအတွေ့အကြုံလည်း မရှိပါဘူး။ တရားရေးဝန်ထမ်းက အကြံပေးရပါတယ်။ အဲဒီခေတ်မှာလည်း အဂတိလိုက်စားမှုများ၊ သြဇာအာဏာလွှမ်းမိုးမှုများနှင့် မကင်းခဲ့ပါဘူး။ တတိယခေတ်ကတော့ ၁၉၈၈ ခုနှစ်မှ ယနေ့အထိဖြစ်ပါတယ်။ တစ်ဦးထိုင် တရားစီရင်ရေးစနစ်ကို ပြန်လည်ကျင့်သုံးခဲ့ပါတယ်။ ဥပဒေကျွမ်းကျင်သူများကို ခန့်ထားတာဝန် ပေးအပ်ခဲ့ပါတယ်။ ဒါပေမယ့် တရားရေးမဏ္ဍိုင် ယိမ်းယိုင်တိမ်းစောင်းနေလျှက် ရှိပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အချို့သော နိုင်ငံများမှာ တစ်ဦးထိုင်တရားစီရင်ရေးစနစ်၌ ဘက်လိုက်မှုမရှိစေရန် အဂတိတရား ၄ ပါး ကင်းရန်ဟူတဲ့ ရည်ရွယ်ချက်တွေနဲ့ အမှုအခင်းများနှင့် လွတ်ကင်းတဲ့ ပြင်ပမှ သီလ၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်များကို ဂျူရီလူကြီးများဖြင့် ခန့်အပ်တာဝန်ပေးတဲ့စနစ်ကို ပူးတွဲကျင့်သုံးတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ စစ်ကြီးမဖြစ်ပွားမီက စမ်းသပ်ကျင့်သုံးခဲ့ပါသေးတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒါကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ဂျူရီစနစ်ကို

ဆက်လက်မကျင့်သုံးတော့ပါဘူး။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၆၇ မှာ တရားလွှတ်တော်၌ ဤအခန်းအရ စစ်ဆေးစီရင်မှုများကို ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်ရမည်။ ထို့ပြင်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ တရားလွှတ်တော်သို့လွှဲအပ်သည့် ရာဇဝတ်မှုအားလုံးကို တရားလွှတ်တော်က ညွှန်ကြားလျှင် ဂျူရီလူကြီးများဖြင့် စစ်ဆေးစီရင်နိုင်သည်ဟု ပြဋ္ဌာန်းထားတာလည်းရှိ ပါတယ်။ ပြန်ပြီးသုံးသင့်၊ မသုံးသင့် အလွန်ချင့်ချိန်ရမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဂျူရီလူကြီးများအနေနဲ့ အဆုံးအဖြတ်ပေးရန် ခက်ခဲတဲ့ပညာရပ်ဆိုင်ရာ အမှုများနဲ့လည်း ကြုံတွေ့ရတာရှိပါတယ်။ ဒါ့အပြင် ဂျူရီလူကြီးများ အားလုံးရဲ့ တစ်ညီတစ်ညွတ်တည်းသော ဆုံးဖြတ်ချက်ရမှသာ အဆုံးအဖြတ်ပြုနိုင်တာ ဖြစ်ပါတယ်။ မရပါက အမှုကိုပြန်လည် စစ်ဆေးနေရသဖြင့် မလိုအပ်ပဲ အချိန်ကြန့်ကြာမှုများလည်း ဖြစ်ကြပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားသူကြီး များကို ခန့်အပ်တာဝန်ပေးတဲ့နည်း ၃ နည်းရှိပါတယ်။ ပထမနည်းကတော့ လူကတိုက်ရိုက် ရွေးကောက်တင်မြှောက်သောနည်း (Election by the People) ဖြစ်ပါတယ်။ ဒုတိယနည်းကတော့ ဥပဒေပြုအဖွဲ့ဖြစ်တဲ့ လွှတ်တော်က ရွေးကောက်တင်မြှောက်သောနည်း (Election by the Legislature) ဖြစ်ပါတယ်။ တတိယ နည်းကတော့အုပ်ချုပ်ရေးအဖွဲ့က အမည်စာရင်းတင်သွင်းသော (Nomination by the Executive) တို့ ဖြစ်ကြပါတယ်။ ပြည်သူက တိုက်ရိုက်ရွေးကောက် တင်မြှောက်သောနည်းက ဒီမိုကရေစီကျပါတယ်လို့ ပြောကြပါတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံ အနေအထားအရ မဖြစ်နိုင်သေးတာကိုလည်း တွေ့ရှိရပါတယ်။ လွှတ်တော်က ရွေးကောက် တင်မြှောက်ပြီး ခန့်အပ်တဲ့စနစ်ဟာ ပြည်သူတိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး ခန့်ထားတဲ့စနစ် ထက်နှိုင်းယှဉ်ပါက ပိုမိုသင့်လျော်တာကိုလည်း တွေ့ရှိရပါတယ်။ အုပ်ချုပ်ရေးအဖွဲ့က အမည် စာရင်းတင်သွင်းပြီး လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်ထားတဲ့စနစ်ကို ကျေနပ်မှုရပါတယ်လို့လဲ ဆိုကြပါတယ်။ သို့သော် စင်းလုံးချောကောင်းတာတော့ မဟုတ်သေးပါဘူး။ ဒါ့ကြောင့် မည်သည့် စနစ်က ပိုပြီးသင့်တော်မှန်ကန်မည်ကို ရွေးကြရမှာဖြစ်ပါတယ်။

တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာ အပိုဒ် ၆ အပိုဒ်ခွဲ (ခ) မှာပါရှိသလို တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်တရားလွှတ်တော်တို့ကို ပြည်သူ့ကိုယ်စားလှယ်များ ဖြင့် ပြင်ဆင်ဖွဲ့စည်းမည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁(စ)မှာပါရှိတဲ့ နိုင်ငံရေးပါတီဝင် မဟုတ်သူနှင့် (ဆ) မှာပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူတို့ကို ပယ်ဖျက်ပေးရန် လိုပါတယ်။

ယင်းတို့ကို ပယ်ဖျက်ရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး မဲပေးခွင့်ရှိသူ အားလုံးရဲ့ ထက်ဝက်ကျော်ဆန္ဒမဲနဲ့ ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးအတွက် ပြုသာပြင်သာ Flexible ဖြစ်ရပါမယ်။ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ပြောင်းလဲခြင်းမရှိပါက မလိုအပ်သော အကျိုးဆက်များပေါ်ပေါက် လာနိုင်ပါတယ်။ မည်သူ့ကို ခန့်ထားသည်ဖြစ်စေ တစ်ဦးထိုင်တရားစီရင်ရေးစနစ်ကို ကျင့်သုံးသင့်ပါတယ်။ အကျင့်ပျက်လာဘ်စားသော တရားစီရင်ရေးနဲ့ဆိုင်တဲ့ ဝန်ထမ်းများကို အငြိမ်းစားပေးသင့်သူကိုပေး၊ အရေးယူ မည့်သူကိုယူဖို့ လိုအပ်ပါတယ်။ တစ်ဖက်ကလည်း ဥပဒေဘွဲ့ရပညာတတ်များကို လေ့ကျင့်ပေးရန် ပြုစုပျိုးထောင်ပေးရန် မွမ်းမံသင်တန်းများပေးရန် လိုအပ်ပါတယ်။ တရားစီရင်ရေးကိစ္စဆိုတာ ဥပဒေရေးရာတတ်၊ သိ၊ ကျွမ်းကျင်မှုကိစ္စဖြစ်နေသောကြောင့် တရားစီရင်ရေးအတွေ့အကြုံရှိတဲ့ ဥပဒေပညာရှင်များက တရားစီရင်တာက ပိုမိုသင့်မြတ်ကောင်းမွန်ပါတယ်။ ကျွမ်းကျင်နိုင်နင်းစွာ တရားစီရင်နိုင်ပြီး သီလ၊ သမာဓိ၊ သိက္ခာရှိတဲ့ ဥပဒေပညာရှင်များကိုပင် ခန့်အပ်တာဝန်ပေး၍ တရားစီရင်ရေးလုပ်ငန်းများ မှန်ကန်ထိရောက်စွာ လည်ပတ်နိုင်ရေးကို ရှေးရှုဖော်ဆောင်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့် (သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခုနကဥက္ကဋ္ဌကြီးညွှန်ပြတဲ့ တရားစီရင်ရေး ကော်မတီ အပိုဒ် ၂၀ ပြီးတော့ တရားစီရင်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို တင်သွင်းထားတဲ့ တရားရေးမဏ္ဍိုင်နှင့် ပြည်သူ့ရပိုင်ခွင့်များ အပိုဒ် ၆ အဲဒီနှစ်ချက်မှာ ဖော်ပြထားတဲ့အချက်ပေါ်မှာ မူတည်ပြီးတော့ အဓိကအချက်ကို ဆွေးနွေးတင်ပြပါမယ်။ ဒီနေ့ကျွန်တော်တို့အားလုံး ဆွေးနွေးကြတဲ့ အထဲမှာ တရားရေးစနစ်ရဲ့ ရောဂါလက္ခဏာတွေရော ဒီဟာကိုကုစားနိုင်တဲ့ ဥပဒေတွင်းနည်းလမ်းတွေ ရော အားလုံးမိမိရဲ့ ရှုထောင့်က တင်ပြကြ တာကို တွေ့ရပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာအခု ကျွန်တော်တင်ပြမယ့် အချက်သည် ဟိုနေ့က တရားရေးနဲ့ပတ်သက်ပြီးတော့ သူရဦးအောင်ကို တင်သွင်းတဲ့အခါမှာ ပြောကြတဲ့စကား တစ်ရပ်ကို အလေးဂရုပြုမိပါတယ်။ အဲဒါကဘာလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပရမတ္တ

သစ္စာသာဖြစ်တယ်။ သမုတိ သစ္စာမဟုတ်ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ အခြေခံဥပဒေမှာလည်း အခန်း (၁၂) မှာ ပြင်သင့်ရင်ပြင်ဖို့ ပြဋ္ဌာန်းပေးထားတာတွေ့ရပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဦးဝင်းမြင့် တင်သွင်းခဲ့တဲ့ ဆွေးနွေးခဲ့တဲ့အထဲမှာ ပါသလို ဖြတ်သန်းခဲ့တဲ့ခေတ်တွေကို ပိုင်းခြားတဲ့အခါမှာ ၁၉၈၆၊ ၁၉၇၁ ကာလရဲ့ ထိန်းကျောင်းမှုလေး တစ်ခုတော့ တင်ပြပါရစေ။ ဒီနေ့ တရားရေးစီရင်ရေးအာဏာနဲ့ပတ်သက်ရင် အားလုံးဟာ တရားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုပဲ ပုံအပ်ထားခဲ့ပါတယ်။ အမှန်စင်စစ် အဲဒီ ကာလတုန်းက ကျင့်သုံးခဲ့တဲ့ နည်းစနစ်မှာ တရားစီရင်ရေးကဏ္ဍနဲ့ ပတ်သက်လျှင် တရားစီရင်ရေး ကိုတော့ တရားလွှတ်တော်ချုပ်တို့၊ တရားလွှတ်တော်တို့က တာဝန်ယူခဲ့ပါတယ်။ အဲဒီကာလတုန်း ကတော့ စီမံအုပ်ချုပ်ရေးနဲ့ပတ်သတ်ရင် လွှတ်တော်က ရွေးကောက်တင်မြှောက်ပေးတဲ့ တရားဝန်ကြီး က တာဝန်ယူပါတယ်။ အဲတော့ ပေါ်ပေါက်နေတဲ့ ပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ ထိရောက်တဲ့ အချက်လေးနှစ်ချက် တင်ပြပါရစေ။ တစ်ချက်က တရားစီရင်ရေးကို တာဝန်ယူတဲ့ပုဂ္ဂိုလ်များဟာ အုပ်ချုပ်ရေးတာဝန်မယူရတဲ့အတွက် လက်အောက် တရားသူကြီးများရဲ့ချမှတ်တဲ့ စီရင်ချက်တွေ အပေါ်မှာ ဒါဟာတရားရေးဆိုင်ရာ မှားယွင်းမှုလား သို့မဟုတ် အဂတိတရားလိုက်စားလို့လား သို့မဟုတ် ရိုးရိုးသားသား လုပ်မှားကိုင်မှားလို့လား အဲဒီလိုမှတ်ချက်တွေကို ပြုပေးနိုင်တဲ့ အခြေအနေ ရှိပါတယ်။ တရားရေးဝန်ကြီးဌာနက အဲဒီမှတ်ချက်ကို အခြေခံပြီးတော့ အဲဒီတရားသူကြီးများကို ပြောင်းရွှေ့ခြင်း၊ ရာထူးချခြင်း၊ လိုအပ်ရင် အရေးယူခြင်း၊ ဥပဒေကြောင်းရအရေးယူခြင်းအထိ ဆောင်ရွက်နိုင်တဲ့ အင်မတန်ကောင်းတဲ့ တရားရေးကို ထိန်းကျောင်း နိုင်မှုရခဲ့ပါတယ်။ ဒီလိုပါပဲ ခုနက ဦးအောင်ကိုတင်သွင်းတဲ့အထဲမှာ ပြည်သူ့ကိုယ်စားလှယ်များလို့ ပါလာတော့ အဲဒီ ပြည်သူ့ ကိုယ်စားလှယ်တွေထဲက ပုဂ္ဂိုလ်တစ်ဦးဟာ တရားရေးဝန်ကြီးအဖြစ် တာဝန်ယူပါတယ်။ တရားရေး ဌာနနှင့် လွှတ်တော်ကို အဲဒီတရားရေးဝန်ကြီးက ပေါင်းကူးပေးပါတယ်။ တရားရေးဌာနနဲ့ဖြစ်တဲ့ကိစ္စ အားလုံးကို စီမံအုပ်ချုပ်ရေး တာဝန်ယူတဲ့ တရားရေးဝန်ကြီးက လွှတ်တော်ကို ပြန်ပြီးအစီရင်ခံပါတယ်။ ဆိုလိုတာကတော့ ပြည်ထောင်စု အစိုးရအဖွဲ့ထဲမှာကို တရားရေးဝန်ကြီးဌာနဆိုတာ သီးသန့်ရှိပါတယ်။ အဲဒီဝန်ကြီးဌာနက စီမံအုပ်ချုပ်ရေးနည်းလမ်းနဲ့ ထိန်းကျောင်းတယ်။ တရားလွှတ်တော်ချုပ်တို့၊ တရားလွှတ်တော်တို့က တရားစီရင်မှုပုံစံနဲ့ထိန်း ကျောင်းပေးတဲ့အခါကျတော့ တရားရေးစနစ်သည် အင်မတန်မှ ထိန်းကျောင်းနိုင်ပြီးတော့ အခုကျွန်တော်တို့ ၁၉၆၂ ခုနှစ် ဒီဘက်ပိုင်းမှာ အထူးသဖြင့် ၆၇၊ ၇၀ ဒီဘက်ပိုင်းမှာ ပေါ်ပေါက်နေတဲ့ ဖြစ်ရပ်မျိုး အထူးသဖြင့် အခုကာလမှာ ပိုကြာနေတဲ့

ကျော်မကောင်းကြားမကောင်းကိစ္စမျိုးတွေ မရှိတော့ပါဘူး။ အင်မတန်မှ စနစ်တကျထိန်းကျောင်း ပေးနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ကတော့ ဒါကျွန်တော်တို့ ဘာပြောပြော ဒီအခြေခံဥပဒေ ရေးဆွဲခဲ့တဲ့ အချိန်တုန်းကတော့ မျှော်မှန်းလို့ရတဲ့ အချက်တွေတော့ရှိပါတယ်။ မျှော်မှန်းလို့မရတဲ့ အခက်အခဲတွေလည်း ရှိပါတယ်။ အခုပဲ လက်တွေ့ပြဿနာအချို့ကို ရင်ဆိုင်နေရပါပြီ။ အဲဒါကြောင့် တရားရေးစနစ်ကို ပြန်ပြီးတော့ ပြုပြင်တော့မယ်ဆိုရင် အခြေခံဥပဒေအခန်း(၁၂)အရ ပြင်ဆင်ခွင့် ရတာဆိုရင် ပြည်သူ့ကိုယ်စားလှယ်ရဲ့ထိန်းကျောင်းမှုကို လွှတ်တော်နဲ့တရားလွှတ်တော်ချုပ်၊ တရား လွှတ်တော်ကြားမှာ တာဝန်ခံမယ့် တရားရေးဝန်ကြီးတစ်ဦးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များထဲမှ ရွေးချယ်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ထဲမှာ ထည့်သွင်းပြီး သတ်သတ်မှတ်မှတ် တာဝန် ပေးမယ်ဆိုရင် ကျွန်တော်တို့ တရားရေးဌာနကို တရားစီရင်မှုထောင့်ကရော စီမံအုပ်ချုပ်မှုထောင့်က ရော ထိန်းကျောင်းနိုင်မှာဖြစ်တဲ့အတွက် တရားစီရင်ရေးမဏ္ဍိုင်ကို ပိုပြီးကြံ့ခိုင်အောင် ဆောင်ရွက်နိုင် ပါမယ်။ အဲဒါကြောင့် အဲဒီအကြံပြုချက်နဲ့အတူ သူရဦးအောင်ကိုရဲ့ တင်ပြတဲ့အစီရင်ခံစာပေါ်မှာ ပြည်သူ့ကိုယ်စားလှယ်များရဲ့အခန်းကဏ္ဍကို ထည့်သွင်းလာတဲ့အတွက် တိုင်းပြည်အကျိုးအတွက် ရိုးရိုးသားသား အခြေခံဥပဒေမှာ တရားရေးဝန်ကြီးဌာနကို ပြန်ဖွဲ့ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ ထဲမှာ ဌာနတစ်ခုအဖြစ် ဖန်တီးပေးနိုင်မယ်ဆိုရင် ဒီနေ့ ရင်ဆိုင်နေရတဲ့ ပြဿနာတော်တော်များများကို ဖြေရှင်းနိုင်မယ်လို့တင်ပြရင်း သူရဦးအောင်ကိုရဲ့ အစီရင်ခံစာကို ထောင့်တစ်ထောင့်ကပဲ ထောက်ပြ ရင်းနဲ့ ကျွန်တော် ထောက်ခံကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးလေးစားစား တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးမှု များဟာ ဆွေးနွေးရင် ဆွေးနွေးသလောက် နက်ရှိုင်းကျယ်ပြန့်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးမှုကတော့ ဦးအောင်ကိုရဲ့ဥပဒေရေးရာနဲ့ တရားရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာ အပေါ် ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ အစီအစဉ်မှာလည်း သက်ဆိုင်ရာကော်မတီက လွှတ်တော်က သဘောတူလက်ခံရန်အဆို တင်သွင်းခြင်းနဲ့ အတည်ပြုခြင်း ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီဟာ ဒီဆွေးနွေးနေမှုသည် အဆိုတစ်ရပ်အပေါ် ဆွေးနွေးနေခြင်းမဟုတ်ပဲနဲ့ အစီရင်ခံစာအပေါ် ဆွေးနွေးတယ်ဆိုတာလည်း သတိပြုဖို့လိုမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ အစီရင်ခံစာကို တင်သွင်းတဲ့ သူရဦးအောင်ကိုရဲ့ ရည်ရွယ်ချက်နဲ့ သဘောထားကိုလည်း လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ သိအောင် သူရဦးအောင်ကိုဘက်က တင်ပြဆွေးနွေး မယ်ဆိုရင် ဆက်လက်ဆောင်ရွက်မှုတွေပိုပြီးတော့

အဆင်ပြေနိုင်ပါတယ်။ ဒါ့ကြောင့် သူရဦးအောင်ကိုက ဒီအစီရင်ခံစာအပေါ် မိမိရဲ့ရည်ရွယ်ချက်နဲ့ သဘောထားကို ရှင်းလင်းပြောကြားဖို့ သူရဦးအောင်ကိုအား ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်ဖို့အတွက်ကို တရားစီရင်ရေးကော်မတီနှင့် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အစီရင်ခံစာတင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းတဲ့အချိန်မှာ ကျွန်တော်တို့ တစ်နိုင်ငံလုံးကနေပြီးမှ တိုင်စာအမှုပေါင်း ၁၃၈၀ စောင် ရောက်ခဲ့ပါတယ်။ သို့သော်လည်း ဒီကနေ့ထိဆိုရင်တော့ တိုင်စာ အမှုပေါင်း ၁၇၀၀ ကျော်သွားပါပြီ။ အဲဒီမှာ တင်ပြခဲ့သလိုပဲ ကျွန်တော်တို့က အထောက်အထား အချက်အလက်ပြည့်စုံတဲ့ အမှုတွဲများ မှန်ကန်နိုင်ဖွယ်ရှိတဲ့အမှုတွဲများကိုသာ ပထမဆုံးရွေးချယ်ပြီးတော့မှ အမှုတွဲပေါင်း ၄၀၀ ကျော်ကို သက်ဆိုင်ရာ တရားလွှတ်တော်အသီးသီးကို ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ဖို့ကို လွှဲပြောင်းပေးခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီသည် ခုနကပြည်ထောင်စုတရားလွှတ်တော်ချုပ် အပေါ်မှာ လွှမ်းမိုးနိုင်ခြင်း၊ စွက်ဖက်နိုင်ခွင့်မရှိပါဘူး။ ဒါကို နားလည်သဘောပေါက်ပါတယ်။ ခုနက ဒီအစီရင်ခံစာကို သုံးသပ်တင်သွင်းတဲ့နေရာမှာလည်း ကျွန်တော့်အနေနဲ့ အင်မတန် တာဝန်ကြီးပါတယ်။ တစ်ဖက်ကပြန်ကြည့်ရင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတဲ့ အချိန်ကနေစပြီးတော့ ဒီကနေ့အထိ နိုင်ငံသား တိုင်းရင်းသားပြည်သူများဟာ တရားဥပဒေစိုးမိုးမှု အပြည့်အဝမရခဲ့ ပါဘူး။ တရားဥပဒေစိုးမိုးမှုမရခဲ့လို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများလည်း မရခဲ့ပါဘူး။ သူတို့ရဲ့ ဘဝတွေကလဲ တရားဥပဒေစိုးမိုးမှုအောက်မှာ တည်ငြိမ်အေးချမ်းစွာ နေထိုင်အသက်မွေးကျောင်းခွင့် မရခဲ့သေးပါဘူး။ သို့သော်ဒီအခြေအနေသည် ဒီမိုကရေစီသစ် တည်ထောင်တဲ့အချိန်မှာ ရပ်တန့်သင့်ပါပြီ။ နိဂုံးချုပ်သင့်ပြီလို့ ယုံကြည်ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီနှင့် ညှိနှိုင်းပြီးတဲ့အခါကျမှ အစီရင်ခံစာ သုံးသပ်ချက်ကို တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ခုနကကျွန်တော်တို့ ပေးပို့ခဲ့တဲ့အမှုတွဲတွေကို တရားလွှတ်တော် အသီးသီးကနေ ပြန်လာပါတယ်။ အများစုသည် တာဝန်ကျေ၊ ဝတ္တရားကျေ ပြန်လာတဲ့သဘောဖြစ်ပါတယ်။ နောက်တစ်ခါ တိုင်စာအမှုတွဲပို့တဲ့ ပြည်သူတွေအနေနဲ့လည်း ကျွန်တော်တို့ထံရော ကော်မတီထံကိုရော တောက်လျှောက် သူတို့အမှုတွဲတွေ ဘယ်လိုရှိလဲ တရားလွှတ်တော်အသီးသီးက ဘယ်လိုပြင်ဆင်ဆောင်ရွက်ပေးလဲဆိုပြီးတော့ မေးခွန်းတွေကလည်း မေးကြပါတယ်။ ကျွန်တော်တို့မှာ ခိုင်လုံတဲ့အဖြေ ပြန်မပေးနိုင်ခဲ့ပါဘူး။ ခုနက တိုင်ကြတဲ့ ပြည်သူတွေရဲ့

မျက်နှာကို ပြန်မကြည့်ရဲတဲ့အချိန်မျိုး ရောက်နေပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီရဲ့လိုလားချက်ကတော့ တရားလွှတ်တော်အသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များ တရားသူကြီးများကိုလည်းပဲ ထိခိုက်နစ်နာစေလိုတဲ့ သဘောထားမရှိပါဘူး။ သို့သော်လည်းပဲ အောက်ခြေမှာတော့ဖြင့် တရားစီရင်ရေးမဏ္ဍိုင်ဟာ တိမ်းစောင်းယိမ်းယိုင် နေပါတယ်။ လာဘ်ပေးလာဘ်ယူမှုတွေနဲ့ အဂတိတရားတွေဖုံးလွှမ်းနေပါတယ်။ လာဘ်ပေးလာဘ်ယူမှုဆိုတဲ့နေရာမှာလည်း အင်မတန်သိမ်မွေ့တဲ့ကိစ္စ ဖြစ်ပါတယ်။ ဘယ်လိုမှ သက်သေအထောက်အထား ရှာလို့မရနိုင်ပါဘူး။ ပေးတဲ့သူကလည်း သူလာဘ်ပေးရပါတယ်လို့ သူမတိုင်ရဲပါဘူး။ တိုင်လို့ရှိရင်လည်း ဥပဒေအရ သူလည်းအရေးယူခံမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြည်သူများကြားမှာတော့ဖြင့် လာဘ်ပေးလာဘ်ယူသဘောတွေဟာ အခုပိုပိုများနေတယ်။ တရားစီရင်ရေးမဏ္ဍိုင်က တိမ်းစောင်းတယ်ဆိုပြီးမှာ အသံတွေက ကျယ်ကျယ်လောင်လောင် ထွက်နေကြပါတယ်။ ကျွန်တော်တို့လည်း ဒီမေးခွန်းတွေ အမေးခံနေရပါတယ်။ တစ်ချို့ဟာဆိုလို့ရှိရင် ဒါဖြစ်ရင်ခင်ဗျားတို့ တရားစီရင်ရေး ဥပဒေကကော်မတီတွေကို ဘာကြောင့်ဖွဲ့ထားပါသလဲ။ ဖွဲ့ဖို့ လိုသေးလား။ ပြည်သူတွေရဲ့အဖြစ်ကို မကာကွယ်နိုင်ဘူးလား။ မကာကွယ်နိုင်ဘူးဆိုရင် အဲဒီကော်မတီ လိုသလား အဲလိုမေးခွန်းတွေချည်း ကျွန်တော်တို့ မေးနေကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လိုလားတာကတော့ ကော်မတီအနေနဲ့ တရားလွှတ်တော်အသီးသီးရဲ့လုပ်ငန်းကို စွက်ဖက်ခြင်း မဟုတ်ပါဘူး။ ကျွန်တော်တို့ပို့တဲ့စာကိုက ညှိနှိုင်းတင်ပြအပ်ပါသည်။ ပြန်လည်သုံးသပ်ဆောင်ရွက်ဖို့ ရာ ညှိနှိုင်းတင်ပြအပ်ပါသည်ဆိုပြီးတော့ သုံးပါတယ်။ ကျွန်တော်တို့က နောက်တစ်ခါ သူတို့ပို့တဲ့ အမှုတွဲတွေပေါ်မှာ လေးလေးစားစားပြန်ပြီးတော့ သုံးသပ်စိစစ်စေပါတယ်။ အရေးယူသင့်တဲ့ တရားသူကြီးများ တရားရေးနယ်ပယ်က ပုဂ္ဂိုလ်များကိုလည်း အရေးယူစေချင်ပါတယ်။ အခုကြည့်လို့ ရှိရင် တရားသူကြီးတွေမှားတဲ့အခါကျတော့ သဘောရိုးနဲ့မှားတယ်လို့ပဲ ပြန်ဖြေပါတယ်။ ရှေ့နေအချို့ မှားရင်တော့ အရေးယူတာတွေ့ရပါတယ်။ တစ်ခြားဝန်ထမ်း တစ်ချို့ဆိုရင်လည်း အရေးယူတာ တွေ့ရပါတယ်။ တရားရုံးများကို သွားကြည့်လို့ရှိရင် အခုကျွန်တော်တို့ပေါ့လေ ခုနကတရားရုံးဝန်ထမ်း တွေရယ် အမှုပွဲစားတွေရယ် သက်သေအတုတွေရော ခြေချင်းလိမ်နေပါတယ်။ ရှုပ်ယှက်ခတ်နေ ပါတယ်။ ဒါအမှန်တရားဖြစ်ပါတယ်။ ဇာတ်ရှုပ်နေတယ်ဆိုတာ တကယ်ကိုရှုပ်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီတရားစီရင်ရေးမဏ္ဍိုင်တော့ဖြင့် ကြံ့ခိုင်ဖို့ဆိုရင်တော့ ဆုပေးဒဏ်ပေးစနစ်ကို ထိရောက်စွာကျင့်သုံးဖို့ လိုအပ်လာပြီလို့ တင်ပြလိုပါတယ်။ တစ်ဖက်ကလည်းပဲ ဒီလိုမှမရလို့ရှိရင် နည်းလမ်းသုံးသွယ် တင်ပြခဲ့ပါတယ်။ ပထမနည်းလမ်းကတော့ တရားစီရင်ရေး မဏ္ဍိုင်အဆင့်ဆင့်၊

တရားလွှတ်တော်အဆင့်ဆင့်မှာ လက်ရှိတရားသူကြီးများမကပဲနဲ့ပြင်ပက သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတဲ့ ဥပဒေပညာရှိများကိုပါ ထည့်သွင်းဖွဲ့စည်းတဲ့နည်း။ နံပါတ်(၂)က တရားလွှတ်တော် အသီးသီးမှာ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတဲ့နည်း၊ နံပါတ်(၃)ကတော့ ဂျာမနီပုံစံ ဖွဲ့စည်းတဲ့နည်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နံပါတ်(၂)နည်းကို ခုနက ပြည်သူ့ကိုယ်စားလှယ် များနှင့် ကြီးကြပ်စီမံနည်းက အလိုအပ်ဆုံးဖြစ်ပါတယ်။ ကျွန်တော်တို့ ခုနက ပြန်တင်ပြလို့ရှိရင် ဒီအစီရင်ခံစာရေးတာ ကျွန်တော်တို့အတွက် တာဝန်ကြီးပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက မကြာခဏ လမ်းညွှန်တာရှိပါတယ်။ လွှတ်တော်သည် လူတစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုရဲ့ အကျိုးအတွက် လုပ်ဆောင်နေခြင်းမဟုတ်ဘူး။ သန်း ၆၀ မျှသော နိုင်ငံသားတိုင်းရင်းသား ပြည်သူများအကျိုးအတွက် လုပ်ရန်ဖြစ်သည်ဆိုတဲ့ အားပေးစကားလိုပဲ ကျွန်တော်တို့ ပြည်သူအများစု ဘက်ကနေပြီးမှ ပြည်သူများအကျိုးကို မျှော်ကိုးပြီးမှ တင်ပြခြင်းဖြစ်ပါကြောင်း တင်ပြရင်း ကျွန်တော် နိဂုံးချုပ်အပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ လွှတ်တော်ကရေးဆွဲထားတဲ့ အစီအစဉ်ကတော့ တရားစီရင်ရေး နှင့် ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကသဘောတူလက်ခံရန်အဆိုတင်သွင်းခြင်း နှင့် အတည်ပြုချက်ရရှိရေးဆောင်ရွက်မှာဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့အခါမှာ ဒီအစီရင်ခံစာနှင့် ပတ်သက်ပြီးတော့အတည်ပြုဖို့လွှတ်တော်ကိုတင်ပြမေးမြန်းမှာဖြစ်ပါတယ်။ လွှတ်တော်ကအတည်ပြု တယ်ဆိုလို့ရှိရင် ဒီအစီရင်ခံစာဟာ လွှတ်တော်ကအတည်ပြုကြောင်းကြေညာမှတ်တမ်းတင်ပြီး နောင် ကိစ္စများကို နောက်မှသီးခြားဆောင်ရွက်မှာဖြစ်ကြောင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိဖို့လိုပါတယ်။ ထိုနည်းတူစွာပဲ လွှတ်တော်အစည်းအဝေးကိုတက်ရောက်လာကြတဲ့ ရှေ့နေချုပ်ရုံး နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှာရှိတဲ့ ပုဂ္ဂိုလ်များအနေနဲ့လည်း လာရောက်နားထောင်တာ ကလွဲလို့ ပြန်လည်ဆွေးနွေးဖို့လည်းမရှိပါဘူး။ ကျွန်တော်ပြန်တင်ပြရမယ်ဆိုလို့ရှိရင် တရားစီရင်ရေး နှင့် ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကလက်ခံအတည်ပြုထားဖို့ဖြစ်ပါတယ်။ ကျန်တဲ့ကိစ္စများကိုနောက်ပိုင်းမှ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီနေ့တင်ပြပြီးတဲ့ လွှတ်တော် ကိုယ်စားလှယ်အသီးသီးရဲ့တင်ပြချက်များကိုအကြမ်းဖျင်း၊ ယေဘုယျကောက်နုတ်ကြည့်မယ်ဆိုလို့ရှိ ရင် အဂတိလိုက်စားမှုများတရားစီရင်ရေးနယ်ပယ်မှာရှိနေတယ်ဆိုတဲ့အချက် တစ် ချက်တွေ့ရှိပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကပူးပေါင်းပြီးတော့ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုလည်း အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီးပါပြီ။

ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုရောက်ရှိပြီး ပြည်သူ့လွှတ်တော်က ဒီဥပဒေကိုဆက်လက်ဆွေးနွေး အတည်ပြုပေးဖို့ရှိပါတယ်။ နောက်ဆွေးနွေးချက်တစ်ခုကတော့ သဘောရိုး၊ သဘောရိုးဆိုတဲ့စကားရပ် တကယ်တမ်းတိတိကျကျ ဘယ်လိုသတ်မှတ်ဆောင်ရွက်မလဲဆိုတဲ့ ကိစ္စကလည်း အင်မတန်မှ ရှုပ်ထွေးပြီးတော့ တရားစီရင်ရေးကို အနှောင့်အယှက်ဖြစ်နေတယ်ဆိုတဲ့အကြောင်းလည်း ကြားလိုက် ရပါတယ်။ နောက်တစ်ချက်ကတော့ တရားစီရင်ရေးကို အုပ်ချုပ်ရေးကလွှမ်းမိုးထားတယ်။ စွက်ဖက် ထားတယ်။ ဒါလည်း ခေတ်ကာလတွေကို ဖော်ပြပြီးတော့ ပြောမယ်ဆိုရင်ဘယ်ခေတ်က ဘယ်ခေတ်အထိ လွှမ်းမိုးထားတယ်။ စွက်ဖက်နေတယ်။ သို့ရာတွင် အခုဒီမိုကရေစီပြုပြင်ပြောင်းလဲ ရေးခေတ်တော့ရောက်ပြီ။ ဒါပေမယ့် တချို့တင်ပြချက်ကပိုလို့တောင်ဆိုးနေသေးတယ်ဆိုတဲ့ ဒီလို ကြားလိုက်ရပါတယ်။ ဒီဆွေးနွေးချက်တွေဟာ အမှန်ဆိုလို့ရှိရင်တော့ ဒီအပေါ်မူတည်ပြီးတော့ နောက်ပိုင်း တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်မှန်ကန်အောင် ကျွန်တော်တို့ လွှတ်တော်ကတာဝန်ရှိတဲ့ အပိုင်းက ဆက်လက်ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဒီနေ့တစ်ထိုင်တည်းဆွေးနွေးပြီးတော့ ဒီဟာ ဆောင်ရွက်လို့ရနိုင်တဲ့ အနေအထားမရှိပါဘူး။ နောက်ဆွေးနွေးချက်တွေကိုပြန်ကြည့်လိုက်တဲ့အခါမှာ ခေတ်နှင့် ခေတ်ကာလအလိုက်ဘယ်တုန်းက ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာလည်း လွှတ်တော် ကိုယ်စားလှယ်တို့ရဲ့တင်ပြချက်မှာပါပါတယ်။ ဒါလည်း ကျွန်တော်တို့မှတ်သားလေ့လာပြီးတဲ့အခါမှာ နောင် တရားစီရင်ရေးစနစ်ကို ဒီခေတ်နှင့်လျော်ညီအောင်ဆောင်ရွက်သွားရမယ်ဆိုတာလည်း ဒီလိုပဲ မှတ်သားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြီးရင် ဒီနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ယှဉ်တွဲပြီးစဉ်းစားရမှာ လည်းရှိပါတယ်။ ဒါဘာလဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာဖော်ပြသတ်မှတ်ထားတာ ဥပဒေနှင့် အညီ လွတ်လပ်စွာတရားစီရင်မှုပြုရမည်ဆိုတဲ့ဟာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ တရားစီရင်မှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်နိုင်ခြင်းရှိ/မရှိ။ ဆောင်ရွက်နေခြင်းရှိ/မရှိ ဆိုတာလည်း ကျွန်တော်တို့ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာကော်မတီများ ဒါသုံးသပ်ဆောင်ရွက်နေဖို့လိုပါတယ်။ ပြီးတဲ့အခါမှာ တရားစီရင်ရေးကို ဘယ်သူက၊ ဘယ်အဖွဲ့ အစည်းကလွှမ်းမိုးထားပါသလဲ။ လွှမ်းမိုးနေပါသလဲ။ ဒါလည်း လေ့လာသုံးသပ် ဆက်လက်ညှိနှိုင်း ဆောင်ရွက်မယ့်သဘောရှိတယ်လို့ ယူဆပါတယ်။ နောက်တစ်ခုကတရားဥပဒေစိုးမိုးရေးရှိ/မရှိအတွက် တရားဥပဒေစိုးမိုးရေးမရှိစေရေးအတွက် ဘယ်ဥပဒေတွေက အကာအကွယ်ပေးနေသလဲ။ ဘယ်ဥပဒေ တွေရှိနေလဲ။ ဒါလည်း ကျွန်တော်တို့ပြန်ပြီးတော့ လေ့လာသုံးသပ်ဆောင်ရွက်မယ့်ကိစ္စဖြစ်ပါတယ်။ အဲ့ဒီနည်းတူပဲ ဒီနေ့လိုအပ်တာက တရားဥပဒေစိုးမိုးရေး (Rule of Law) အဲ့ဒီ တရားဥပဒေ

စိုးမိုးရေးအတွက်ဘာတွေက အနှောင့်အယှက်ဖြစ်နေလဲ။ ဒီအနှောင့်အယှက်အတားအဆီးတွေကို ဘယ်လိုကျော်လွှားမလဲ။ ဘယ်လိုဆောင်ရွက်မလဲဆိုတာလည်း တစ်ထိုင်တည်းနဲ့ဆွေးနွေးလုပ်ဆောင်လို့ရမယ့်ကိစ္စတွေမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီလိုကိစ္စတွေအတွက် လက်ငင်းဆောင်ရွက်မယ့်ကိစ္စအစား လက်ငင်းဆောင်ရွက်ရန်ကိစ္စမဟုတ်တဲ့ အခြားကိစ္စတွေဆွေးနွေးခြင်းအားဖြင့် အချိန်ကုန်၊ လူပန်းတာပဲရှိမယ်။ ဒါကြောင့်မို့လို့ တရားဥပဒေစိုးမိုးရေး၊ တရားရေးမဏ္ဍိုင်ခိုင်မာရေး၊ လွတ်လပ်စွာတရားစီရင်ရေး အပါအဝင်ကျန်တဲ့ ခုနကတင်ပြတဲ့ကိစ္စရပ်များအတွက် အချိန်ယူဆွေးနွေးဆောင်ရွက်မှုဖြစ်မယ်လို့ယူဆပါတယ်။ ဒီနေ့အတွက်တော့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာအပေါ် လွှတ်တော်ကအတည်ပြုဖို့ပဲရှိပါတယ်။ အတည်ပြုတယ်ဆိုရင် ဒီအစီရင်ခံစာပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ရှေ့ဆက်လုပ်သွားရမယ့်ကိစ္စ အချိန်တော်တော်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်များကိုပြန်တင်ပြချင်တာက အခုကျွန်တော်ကျော်ပြီး ဆွေးနွေးခဲ့တာရှိပါတယ်။ စာရင်းပေးတာအားလုံး ၁၉ ယောက်။ ၁၉ ယောက်ကမှ ကျွန်တော်တို့ဆွေးနွေးခဲ့တာ ၆ ယောက်ပဲရှိပါတယ်။ ၁၃ ယောက်ကျန်ပါတယ်။ ကျန်တဲ့ ၁၃ ယောက်အနေနဲ့ အမည်စာရင်းပေးထားတာနှင့်ပတ်သက်ပြီးတော့ တင်ပြချက်အပေါ် သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌရဲ့အစီရင်ခံတင်ပြမှုအပေါ် ဆက်လက်များဆွေးနွေးဖို့လိုသလား။ မလိုဘူးလား။ ဒါသက်ဆိုင်ရာစာရင်းပေးသွင်းထားတဲ့ပုဂ္ဂိုလ်များကို ကျွန်တော်မေးမြန်းပါ့မယ်။ ကျွန်တော်အခွင့်အရေးကိုလည်း မထိခိုက်စေချင်ပါဘူး။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ရဲ့တန်ဖိုးရှိတဲ့အချိန်ကိုလည်း ကျွန်တော်မဆုံးရှုံးစေချင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်ပြန်တင်ပြပါ့မယ်။ ဒေါက်တာအောင်သန်း ဆက်လက်ဆွေးနွေးဖို့ဆန္ဒရှိ၊မရှိ။ လို၊မလို သိလိုပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်သန်း ပြီးတဲ့နောက်မှာ ထီးချိုင့်မဲဆန္ဒနယ်က ဦးစိုးစိုး ဆက်လက်ဆွေးနွေးဖို့လို၊မလိုတင်ပြပေးပါ။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ တရားစီရင်ရေးအခန်းကဏ္ဍကိုလည်း တိတိကျကျပြဋ္ဌာန်းထားပြီးသားဖြစ်တဲ့အတွက် ပြောင်းလဲမယ်ဆိုရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂)မှာပါတဲ့ ဥပဒေနှင့်အညီတင်ပြဖို့လိုမှာဖြစ်ပါတယ်။ ပြီးရင်တော့ မဲဆန္ဒရှင်မိဘပြည်သူများရဲ့ဆန္ဒနှင့် ကိုယ်စားလှယ်များရဲ့ အများဆန္ဒအရဆက်လက်ဆောင်ရွက်သွားသင့်ပါတယ်လို့တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကလွဲလို့ ကျန်တာတင်ပြစရာရှိပါသလား။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဒွဲဘူ။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ ကျွန်မအနေနဲ့လည်း ကိုယ်စားလှယ်များရဲ့ အများဆန္ဒနဲ့ ဆက်လက်ပြီးဆောင်ရွက်သွားဖို့အတွက်ပဲတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ တရားစီရင်ရေးကော်မတီမှာတင်ပြထားတဲ့တိုင်စာတွေကိစ္စကတော့ နည်းနည်းဆွေးနွေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူ့လွှတ်တော်ရဲ့ဂုဏ်သိက္ခာနှင့်ပတ်သက် နေတဲ့ကိစ္စဖြစ်လို့ ၂၉-၁၁-၂၀၁၁ ရက်နေ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီနှင့် သက်ဆိုင်ရာတရားလွှတ်တော် တရားသူကြီး ပါဝင်တဲ့အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးကပုဂ္ဂိုလ်တွေ တက်ရောက်ပြီးတော့ ပေးပို့လာတဲ့အမှုတွဲ တွေက ခိုင်လုံတဲ့အမှုတွေကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ ညှိနှိုင်းဆွေးနွေးခဲ့ တယ်လို့သိရပါတယ်။ ဒုတိယအကြိမ်မှာ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာပြုလုပ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးနှင့် တာဝန်ရှိသူတို့တက်ရောက် ပြီးတော့ ဒုတိယ အကြိမ်ဆွေးနွေးခဲ့တယ်လို့သိရပါတယ်။ ဆွေးနွေးချက်၊ ညှိနှိုင်းချက်တွေအရ အမှုတွေက တိုင်းဒေသကြီးနှင့် ပြည်နယ်ကအမှုတွေဖြစ်တဲ့အတွက် တရားလွှတ်တော်များသို့ တိုက်ရိုက်ပေးပို့ရန် ညှိနှိုင်းပြီး တိုင်စာအမှုတွဲ ၁၃၀၈ ခုအနက် သင့်လျော်တဲ့အမှု ၄၃၂ မှုကို တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော်ကိုပေးပိုခဲ့တယ်။ ပေးပို့တဲ့ ၄၃၂ မှုအနက်မှ ၁၁၅ စောင်ကိုသာ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကလက်ခံရပြီး ကျန်တဲ့ ၃၁၇ စောင်က အခုခုနစ်လကြာတဲ့အထိ ပြန်ကြားစာ ရရှိခြင်းမရှိသေးကြောင်းဖော်ပြထားတာတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်သုံးရပ် အပြန်အလှန် ညှိနှိုင်းတဲ့စနစ်ကို ပြဋ္ဌာန်းအကောင်အထည်ဖော်ထားပါတယ်။ ပြည်သူအများဆန္ဒနဲ့ ရွေးကောက် တင်မြှောက်ခံရတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းထားတဲ့ ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအနေနဲ့ အများပြည်သူအကျိုးအတွက် ဆောင်ရွက်သောကိစ္စကို ပြည်နယ်/ တိုင်းတရားလွှတ်တော်များမှ အရေးတယူပြန်ကြားရန် ပျက်ကွက်ကြန့်ကြာခြင်းဟာ ပြည်ထောင်စု

သမ္မတမြန်မာနိုင်ငံ တရားလွှတ်တော်များအနေနဲ့ လုပ်ငန်းများဆောင်ရွက်ရာမှာ အားနည်းချက်ရှိကြောင်း ဖော်ပြချက်ဖြစ်ရုံသာမက ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအပေါ် အလေးအနက်မထားရှိမှုဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ ဂုဏ်သိက္ခာအတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဏ္ဍိုင်သုံးရပ်ရဲ့ အပြန်အလှန်ထိန်းကျောင်းမှုကို လေးနက်ပီပြင်စွာဖော်ဆောင်နိုင်ရန်အတွက်လည်းကောင်း ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအနေနဲ့ ထိထိရောက်ရောက် ဆက်လက်လုပ်ဆောင်ဖို့အတွက် တာဝန်ရှိနေပါကြောင်း အကြံပြုတင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ဒီလောက်တော့ ဆွေးနွေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးဖို့မရှိပါဘူးခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုးဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရှေ့ကလည်း ဆွေးနွေးသွားပြီးပါပြီ။ ကျွန်တော်ကတော့ ဆွေးနွေးရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်နိုင်ဌေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ မရှိတော့ပါဘူးခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်ဌေးကြွယ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။ ကျွန်မအနေနဲ့တော့ အချိန်ကိုလေးစားသောအားဖြင့် အစီရင်ခံစာအပိုဒ်ပါတ ဲ့အချက်လောက်ပဲအနည်းအကျဉ်း ဆွေးနွေးလိုပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ အကြံပြုချက် သုံးချက်တင်ပြထားပါတယ်။ အဲ့ဒီ သုံး ချက်နဲ့ လွှတ်တော်ရဲ့အချိန်ကိုလေးစားသောအားဖြင့် ကျွန်မအကျဉ်းချုပ်ပဲတင်ပြမှာဖြစ်ပါတယ်။ အကြံပြုချက် ၁ မှာ သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်ဝသောဥပဒေပညာရှင်ဆိုသည်မှာ အလွန်တိုင်းတာရခက်သော၊ စံသတ်မှတ်ရခက်သော သဘောတရားဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ (ဃ) ပုဒ်မခွဲငယ် (၁)မှ (၄)အထိပြဋ္ဌာန်းချက်များအရ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဥပဒေအရာရှိများနှင့် ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်များအဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဟုပါရှိပြီးဖြစ်ရာ ပြည့်စုံလုံလောက်ပြီးဖြစ်သည်ဟု ယူဆပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ အကြံပြုချက် ၂ မှာ ပြည်ထောင်စုအဆင့်တရားလွှတ်တော်တို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြင့်

ပြင်ဆင်ဖွဲ့စည်းသင့်ကြောင်းအကြံပြုချက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လုံးဝဆန့်ကျင်နေသော အကြံပြုချက်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၁(ဆ)တွင် ပြည်ထောင်စုတရားသူကြီးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏အရည်အချင်းတွင် လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူဟုပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အများစုသည် နိုင်ငံရေးပါတီမှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များဖြစ်နေပါသောကြောင့် ပါတီတစ်ရပ်ရပ်၏ဩဇာနှင့် ကင်းလွတ်မှု ရှိနိုင်ခဲပါတယ်။ ဆရာတင်၊ တပည့်မွေးနှင့် တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်စေနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အခြေခံဥပဒေပုဒ်မ ၃၀၁ (စ) တွင်လည်း နိုင်ငံရေးပါတီဝင်မဟုတ်သူများဟု ပြဋ္ဌာန်းထားခြင်းကိုလည်း ထည့်သွင်းစဥ်းစားရန်လိုအပ်ပါတယ်။ တတိယအကြံပြုချက်အနေနဲ့ ပတ်သက်ပြီးတော့ ဂျာမနီနိုင်ငံမှာ ကွန်မြူနစ်စနစ်အောက်မှာ ကျင်လည်ခဲ့တဲ့တရားသူကြီးများကို ဒီမိုကရေစီစနစ်တရားသူကြီးများအဖြစ်ပြင်ဆင်ခဲ့သည်ကို တရားဥပဒေစိုးမိုးမှုအကောင်းဆုံးဖြစ်သည် ဟု ရည်ညွှန်းထားပါတယ်။ ဒီအကြောင်းအရာနှင့်ပတ်သက်ပြီးတော့ တရားသူကြီးတွေကိုလဲလိုက်ရုံဖြင့် တရားဥပဒေစိုးမိုးမှုကောင်းသွားမည်ဟု တစ်ထစ်ချကောက် ယူ၍မရနိုင်ပါ။ အခြားသောအကြောင်း အရာများလည်း အမြောက်အမြားရှိမည်ဟုထင်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုတရားသူကြီးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် မိမိတို့၏တာဝန်ကို ကျေပွန်အောင် မဆောင်ရွက်၊ အကျင့်ပျက်ခြင်းများရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၂ အရ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက စွပ်စွဲ ပြစ်တင်၍မှန်ကန်ပါက ရာထူးမှရပ်စဲနိုင်ကြောင်းလည်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ထို့အပြင် တရားရုံးလက်စွဲစာမျက်နှာ ၈၄၆၊ ၁၉၄၀ ပြည့်နှစ် စာချွန်လွှာအမှတ် ၁၅ မှာ ပြန်တမ်းဝင်အရာရှိ မဟုတ်သောဝန်ထမ်းများအား တာဝန်၊ ဝတ္တရားများနှင့်ပတ်သက်ပြီး ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီး အရေးယူမှုများပြုလုပ်နိုင်ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းအထိ ဝန်ထမ်းရေးရာများ ကို ဂျီဆာကြူလွှာဖြင့်စနစ်တကျထိန်းနိုင်ခဲ့ပါတယ်။ ဤပြဋ္ဌာန်းသောဥပဒေများဖြင့် ယိမ်းယိုင်နေသော တရားစီရင်ရေးမဏ္ဍိုင်ကိုပြုပြင်ဆောင်ရွက်နိုင်ပါကြောင်းလည်း အကြံပြုတင်ပြအပ်ပါတယ်။ သို့ပါ၍ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏အစီရင်ခံစာမှာ လုပ်ဆောင်ချက်ကောင်းများရှိသလို ဖြည့်စွက်ရန်လိုအပ်သောအချက်များရှိခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် မကိုက် ညီသော အချက်များလည်း ပါဝင်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းဆာဆွေးနွေးရန်ရှိပါသလား။

**ဦးထွန်းဆာ(တန့်ယန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်အနည်းငယ်နဲ့ နည်းနည်းတင်ပြဆွေးနွေးသွားပါ့မယ်။ လက်ရှိ တရားစီရင်ရေးမှာ တရားသူကြီးတစ်ဦးတည်းကသာ တာဝန်ယူဆုံးဖြတ်ပိုင်ခွင့်ပေးထားသည့်မှာလည်း ဒီမိုကရေစီ နည်းလမ်းမကျဘူးလို့ ထင်မြင်ယူဆပါတယ်။ မည်မျှပင်သဘောရိုးဖြင့် ဆောင်ရွက်သည်ဆိုစေကာမူ တစ်ယောက်တည်းက အာဏာရှင်ဆန်ဆန် ဆုံးဖြတ်ချက်သည် မှန်ကန်မျှတမှုကိုအာမမခံနိုင်ပါ။ သို့ဖြစ်၍ တရားလွှတ်တော်အဆင့်ဆင့်မှာ ဒီမိုကရေစီနည်း ကျကျစီရင်ဆုံးဖြတ်နိုင်ရန် သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံ၍ဖြောင့်မတ်တည်ကြည်သော ပြင်ပပညာရှင်ဂျူရီအဖွဲ့များဖွဲ့စည်း ဆောင်ရွက်သင့် ပါကြောင်းနှင့် တရားစီရင်ရေးဆုံးဖြတ်တဲ့ နေရာမှာ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဆိုတဲ့ အဂတိတရား လေးပါးကို ရှောင်ကျဉ်နိုင်အောင်ထိန်းကျောင်းပေးနိုင်တဲ့ နည်းလမ်းကို တိတိကျကျကိုင်စွဲပြီးတော့ ဆောင်ရွက်သင့်ပါကြောင်း တင်ပြအကြံပြုလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမန်းဂျော်နီ၊ မြောင်းမြ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမန်းဂျော်နီ(မြောင်းမြမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လည်း နည်းနည်း လေးတော့ပြောချင်ပါတယ်။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ အစီရင်ခံစာအပိုဒ် ၈ မှာ အမှုတွဲ ၁၃၀၈ စောင်ရောက်ရှိနေတယ်လို့ဖတ်ရတယ်။ ဒီတိုင်စာများများကြီး ရောက်လာတာတင်မကဘူး။ ခုနက ဒီဥက္ကဋ္ဌပြောသွားတဲ့အထဲမှာ ၁၇၀၀ ကျော်ရောက်လာတဲ့ အတွက်ကြောင့်မို့ ပြည်သူတွေကလွှတ်တော်ကြီးရဲ့ တရားစီရင်ရေးနှင့်ဥပဒေရေးရာကို အားကိုး အားထားပြုနေတဲ့ သဘောတစ်ရပ်ဖြစ်လာပါတယ်။ အင်မတန် အားရစရာကောင်းပါတယ်။ ပြည်သူ များယုံကြည်လာရင် အောင်မြင်မှုရမှာမုချ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီ အစီရင်ခံစာရဲ့အပိုဒ် ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ တွေမှာလည်း ဥပဒေတွေကို ပြည်သူတွေအတွက် အကာအကွယ်ပေးဖို့ အကောင်းဆုံး ဖြစ်အောင်ကြိုးစားပြီး ရေးဆွဲနေကြတယ်ဆိုတာကို ဖတ်ရလို့ ဝမ်းသာပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ဥပဒေသာရှိပေမယ်လို့ အကောင်အထည်ဖော်တဲ့နေရာမှာ ဥပဒေမဟုတ်ဘဲနဲ့ တရားသူကြီးပညာတတ် တွေဖြစ်ပေမယ့် သူတို့တွေကဦးဆောင်နေတဲ့ အတွက်ကြောင့်မို့လို့ စကားလုံးလှလှလေးတွေနဲ့တစ်မျိုး သွယ်ဝိုက်ပြီးတော့ တခြားဌာနတွေနှင့်ပေါင်းပြီးတော့ အကြည်ညိုပျက်လာ အောင်လုပ်နေကြတာ တစ်နိုင်ငံလုံးနားမဆန့်အောင် ဖြစ်နေပါတယ်။ တချို့ကပြောကြတယ်။ တရားသူကြီးတွေဟာ လာတုန်း ကတော့ ပိန်ပိန်လေးကြည့်ကောင်းတယ်။ ပြန်တော့ဝဝကြီးတွေ ဖြစ်သွားတယ်လို့ ပြောနေကြပါတယ်။

ဒီတော့ ပြည်သူတွေ ဆာလောင်နေတဲ့ မွတ်သိပ်နေတဲ့အရာကဘာလဲ။ ဒါက ပြည်သူပြည်သားတွေ အထူးလိုလားတောင့်တနေတဲ့ တရားရုံးတော်တွေမှာ တရားသူကြီးတွေရဲ့ တရားစီရင်မှုတွေ တရားနေဖို့အချက်ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာကွက်ကလေးကိုဖြည့်ဖို့ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်တရားလွှတ်တော်တို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးသင့်ပါတယ်ဆိုတဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ အစီရင်ခံစာနောက်ဆက်တွဲကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအေးနိုင်၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နိဂုံးချုပ်ကလေးပဲ ပြောခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်တွင်လည်းကောင်း၊ တရားရုံးများတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအားလုံးက ပြည်သူကပေးသော ပြည်သူ့ဘဏ္ဍာငွေဖြင့် လစာများ၊ ခံစားခွင့်များ အဆင့်ဆင့်ရပြီးဖြစ်ပါတယ်။ ရာထူးဆိုတာအဆင့်တစ်ခုလို့ ကျွန်တော်ယူဆမိပါတယ်။ ရာထူးတွေအဆင့်ဆင့်ရရှိထားကြပါတယ်။ သို့ပါသောကြောင့် ရာထူးကို ပြည်သူအတွက် အသုံးချမည်လား။ ရာထူးနှင့်ပြည်သူကို အသုံးချမည်လားလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မြသန်းဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအပိုဒ်လေးပဲ တင်ပြအကြံပြုမှာဖြစ်ပါတယ်။ ကျွန်တော်တို့တရားသူကြီးများ အဂတိလိုက်စားလို့ရှိရင် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေအရလည်းကောင်း၊ ယခင်ရာဇသတ်ကြီးဥပဒေ၊ ယခု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇ တို့အရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂ နှင့် ၃၁၁ တို့အရလည်းကောင်း အရေးယူနိုင်ကြောင်းဥပဒေများရှိပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ အသံတွေဘာဖြစ်လို့ ဒီလောက်ကျယ်နေရ သလဲဆိုတော့ ကျွန်တော့်အနေနဲ့သုံးသပ်မိတာက ဗဟိုမှအောက်ခြေအထိ ကြီးကြပ်မှုအားနည်းတယ်လို့ သုံးသပ်မိပါတယ်။ နောက်တစ်ခုက တရားဥပဒေစိုးမိုးမှုအားနည်းနေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့လွှတ်တော်မှ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများဖြစ်တဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီများ

အနေဖြင့် တရားရေးမဏ္ဍိုင်မယိမ်းယိုင်နိုင်ရန်အတွက် ပြည်သူများရပိုင်ခွင့်များ အပြည့်အဝရရှိစေရန်အတွက် တရားရုံးအဆင့်ဆင့်အား ယခုထက် စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရန်သင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာနှင့် ယနေ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခြင်းကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထွန်း(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာနှင့် ကိုယ်စားလှယ်အသီးသီး၏ ဆွေးနွေးချက်များအား လွှတ်တော်မှ သဘောတူလက်ခံပေးပါရန် ကော်မတီရဲ့ကိုယ်စား လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအား အတည်ပြုထားရှိဆောင်ရွက်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုထားရှိကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုတရားရုံးချုပ် ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ အစီအစဉ် ၉ မှာ ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် အဓိက ဆွေးနွေးချက်ကတော့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ပြည်သူတွေ ယုံကြည်အားထား

ကိုးစားမှုကြောင့် တိုင်ကြားစာပေါင်း မည်မျှရောက်ရှိတယ်။ ထိုထဲကမှ သက်ဆိုင်ရာ တရားရုံးချုပ်နှင့် အဖွဲ့အစည်းများကို ပေးပို့ခဲ့တာ မည်မျှလောက်ရှိတယ်။ အဲဒီအထဲကမှ တရားရုံးချုပ်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက မည်မျှလောက်ပဲ ပြန်လည်ရောက်ရှိတယ်။ ရောက်ရှိတဲ့နေရာမှာလည်း မည်ကာ မတ္တဝတ်ကျေတန်းကျေပဲ ရောက်ရှိတယ်။ အဲဒီအချက်ဟာ ဒီနေ့ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီတစ်ခုဖြစ်တဲ့ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီကို ထိခိုက်စေသလို လွှတ်တော်ရဲ့ ဂုဏ်သိက္ခာလည်း ထိခိုက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ စကားမျိုးကို ဦးထွန်းအောင်ကျော် က ပြောဆိုသွားခဲ့ပါတယ်။ ထို့နည်းတူစွာပဲ အခြားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးထဲက ဒီအကြောင်း အရာများပြောပါတယ်။ နောက်တစ်ဦးကတော့ ဒီနေ့ လွှတ်တော်များက ဖွဲ့စည်းထားတဲ့ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များဟာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ ဖြစ်တယ်။ အဲဒီလို ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများက ဆောင်ရွက်တဲ့နေရာမှာ တစ်ဘက်ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အရေးတယူဆောင်ရွက်ခြင်းမရှိကြောင်း ဒီလိုဆွေးနွေးသွားတာ ရှိပါတယ်။ ဒီအချက်တွေဟာ ဒီနေ့ လွှတ်တော်၊ လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များအတွက် ဒီနေ့ အဓိက ဖြစ်ပေါ်နေတဲ့ ပြဿနာများပဲ ဖြစ်ပါတယ်။ ဒီပြဿနာများကို ဖြေရှင်းဖို့ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အပေါ် မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဥပဒေနှင့်အညီ တင်ပြလာတဲ့ကိစ္စများကို လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ရပ်ဆိုင်းထားခွင့်မရှိပါဘူး။ ဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက်ရပါမယ်။ သို့ရာတွင် ဒီလို ဆောင်ရွက်တဲ့နေရာမှာ Impeach ဆိုတဲ့ စွပ်စွဲပြစ်တင်ခြင်းအထိ မရောက်သွားအောင် ညှိနှိုင်း ဆောင်ရွက်ပါရစေ။ ကျွန်တော့်ကို အခွင့်အရေးပေးပါ။ အချိန်ပေးပါဆိုပြီးတော့ လွှတ်တော်ကို တင်ပြခဲ့ပါတယ်။ လွှတ်တော်ကလည်း ဒီလိုမိမိရဲ့တင်ပြချက်အပေါ်မူတည်ပြီးတော့ ညှိနှိုင်းဆောင်ရွက် ပါဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တဲ့ လွှတ်တော်ရဲ့သဘောတူ ခွင့်ပြုချက်ကို ရရှိတဲ့အတွက် လွှတ်တော် ဥက္ကဋ္ဌအနေနဲ့လည်း နိုင်ငံတော်သမ္မတဆီ သဝဏ်လွှာ ပေးပို့ခဲ့ပါတယ်။ သဝဏ်လွှာ ပေးပို့တဲ့နေရာမှာ ဒီနေ့တော့ နိုင်ငံတော်သမ္မတက ကျွန်တော်တို့ လွှတ်တော်ထံ သဝဏ်လွှာတစ်စောင်ပေးပို့ထားပါတယ်။ ဒီသဝဏ်လွှာကို လွှတ်တော်သို့ ကျွန်တော် တင်ပြပါမယ်။

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **သဝဏ်လွှာပေးပို့ခြင်း**

ရည်ညွှန်းချက် ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၁၄-၈-၂၀၁၂ ရက်စွဲပါစာအမှတ် ပေးပို့သည့် သဝဏ်လွှာ

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ကျေနပ်လက်ခံနိုင်ခြင်းမရှိသဖြင့် သက်ဆိုင်သူများ အားလုံးအတွက် ထိခိုက်နစ်နာမှုအနည်းဆုံးဖြင့် သင့်မြတ်ပြီး တရားနည်းလမ်းကျသော ဆောင်ရွက်ချက်များ ဖြစ်လာစေရန် စေတနာကောင်းဖြင့် အကြံပြုပေးပို့ခြင်းအား ကျေးဇူးတင်ရှိပါသည်။

၂။ ပထမအချက်အနေဖြင့် နိုင်ငံတော်သမ္မတ၏ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းခဲ့သော တင်သွင်းလွှာကို ပြန်လည်ရုပ်သိမ်းရန် အကြံပြုချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြန်ကြား လိုပါသည်။ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်ဟု သတ်မှတ်ပြောကြားနေခြင်းနှင့်စပ်လျဉ်း၍ အဆိုပါ ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့သည် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ ဖြစ်လာပါက ပြည်ထောင်စုအဆင့်နှင့် လျော်ညီသည့် ငွေကြေးကိစ္စနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို မိမိတို့ အစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်ပေးရန် တာဝန်ရှိလာမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ပေးရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ရန်လိုအပ်ပါသည်။ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် အကျုံးဝင်ခြင်း ရှိ၊ မရှိ တိကျ ရှင်းလင်းစွာသိရှိနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဆိုသည့် စကားရပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းမေးမြန်းခဲ့ခြင်းဖြစ်ပါသည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခဲ့ခြင်းသည် လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့မှ အဖွဲ့ဝင်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင် ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံ

အခြေခံဥပဒေဆိုင်ရာခုံရုံးက ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်ချမှတ်ပြီး ဖြစ်ပါသည်။ ယင်းဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ နှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၃ တို့အရ အပြီးအပြတ်အတည်ဖြစ်ပါသည်။ ဤကိစ္စမှာ စစ်ဆေးကြားနာဆဲ အဆင့်မဟုတ်ဘဲ ဆုံးဖြတ်ချက်ချမှတ်ပြီးသည့် အဆင့်ဖြစ်၍ တင်သွင်းလွှာကို ပြန်လည်ရုပ်သိမ်းရန်မှာ တရားရုံးများ၏ အစဉ်အလာနှင့်လုပ်ထုံးလုပ်နည်းများအရ မည်သို့မျှမဖြစ်နိုင်ပါသဖြင့် ဤကိစ္စအား အစိုးရအဖွဲ့ အပေါ် နားလည်နိုင်မည်ဟု ယုံကြည်ပါသည်။

၅။ ဒုတိယအချက်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် မတိုင်မီ ၄င်းတို့၏ ဆန္ဒအလျောက် တာဝန်မှအနားယူစေရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြန်ကြားလိုပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရန်နှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရန်အတွက်သာ အပ်နှင်းထားခြင်း ဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပေးအပ်ထားသော လုပ်ငန်းတာဝန်အရ လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းအပေါ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် အဖွဲ့ဝင်များအား တာဝန်မှ အနားယူသွားစေရေးအတွက် နိုင်ငံတော်သမ္မတက ဆောင်ရွက်မည်ဆိုလျှင် ဥပဒေနှင့် ညီညွတ်မည်မဟုတ်သည့်အပြင် တရားမျှတမှုလည်းရှိနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တာဝန်မှအနားယူစေရန်မှာလည်း ဆောင်ရွက်၍ မရနိုင်သည့် ကိစ္စဖြစ်ပါသည်။

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့တွင် ပါဝင်သည့်ပုဂ္ဂိုလ်များသည် နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌ ၂ ဦးတို့မှ ရွေးချယ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခန့်အပ်ထားသူများ ဖြစ်ကြပါသည်။ ထိုပုဂ္ဂိုလ်များသည် ဥပဒေရေးရာကျွမ်းကျင်၍ နှစ်ပေါင်းများစွာ တရားစီရင်ရေး အတွေ့အကြုံရှိသူများဖြစ်သည့်အပြင် အချို့သောပညာရှင်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံတွင် တာဝန်ကျေပွန်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသူများဖြစ်ပါသည်။ ဤဖွဲ့စည်းပုံ

အခြေခံဥပဒေဆိုင်ရာကိစ္စအပေါ် အမှားမှားအယွင်းယွင်းသော်လည်းကောင်း၊ ဘက်လိုက်၍သော်လည်းကောင်း အဆုံးအဖြတ်ပေးကြမည့် ပုဂ္ဂိုလ်များမဖြစ်နိုင်ဟု ယုံကြည်ပါသည်။

၇။ မိမိအပါအဝင် ပြည်သူ့ကိုယ်စားလှယ်အားလုံးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းစောင့်သိလိုက်နာရှိသေပြီး နိုင်ငံတော်၏ ဥပဒေများကို လိုက်နာကျင့်သုံးဆောင်ရွက်ပါမည်ဟု လွှတ်တော်စတင်ကျင်းပစဉ်က ပြည်သူ့လွှတ်တော် သဘာပတိ၏ ရှေ့မှောက်တွင် ကတိသစ္စာ သို့မဟုတ် ကျမ်းသစ္စာပြုထားကြသူများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၄ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်အရ မိမိအနေဖြင့် လိုက်နာရမည် ဖြစ်ပါသည်။

၈။ မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးစ ကမ္ဘာ့အလယ်တွင် မျက်နှာပွင့်လန်းကာစ အခြေအနေတွင်သာ ရှိပါသေးသည်။ သို့ပါ၍ လက်ရှိအခြေအနေတွင် ဤအငြင်းပွားမှုပြဿနာကြောင့် မြန်မာနိုင်ငံဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားရေး မဏ္ဍိုင်ကြီး ၃ ရပ်လုံးမှ အကောင်အထည်ဖော်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အရှိန်အဟုန်လျော့နည်းရပ်တန့် သွားခြင်းမရှိစေရန်နှင့် ပြည်သူသန်း ၆၀ ၏ မျက်နှာကို ထောက်ထား၍လည်းကောင်း၊ မိမိတို့မဏ္ဍိုင်ကြီး ၃ ရပ်၏ စည်းလုံးညီညွတ်မှုကို မထိခိုက်စေရန်အတွက်လည်းကောင်း၊ ဤကိစ္စနှင့်ပတ်သက်၍ လွှတ်တော်ကစွပ်စွဲပြစ်တင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်မည့်အစား ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၂) တွင် တရားဝင်ပေးအပ်ထားသည့် အခွင့်အရေးကို အသုံးပြုမည်ဆိုပါက မည်သူ့ကိုမျှ ထိခိုက်မှု မရှိစေဘဲ သင့်လျော်ကောင်းမွန်မည်ဟု ယူဆပါသည်။

၉။ သို့သော်လည်း ဤအဖွဲ့အစည်းနှစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများဖြစ်ပါသဖြင့် မိမိတို့ဆန္ဒအရ ကြိုက်နှစ်သက်သည့် နိုင်ငံရေးလမ်းကြောင်းကို ရွေးချယ်နိုင်ခွင့်ရှိပါကြောင်း ပြန်ကြားပါသည်ဆိုပြီးတော့ ဒီလိုလာပါတယ်။

အဲဒီတော့ နိဂုံးမှာ သို့သော်လည်း ဤအဖွဲ့အစည်းနှစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများဖြစ်ပါသဖြင့် မိမိတို့ဆန္ဒအရ ကြိုက်နှစ်သက်သည့် နိုင်ငံရေးလမ်းကြောင်းကို ရွေးချယ်နိုင်ခွင့်ရှိပါကြောင်း ပြန်ကြားပါသည်လို့ ဒီလို

ဖြစ်ပါသည်။ ဒါနှင့်ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်အားလုံး နောက်ဆုံး အပိုဒ် ၉ ရဲ့ အဓိပ္ပာယ် ကို အားလုံး နားလည်သဘောပေါက်မယ်လို့ ဒီလိုပဲ ဥက္ကဋ္ဌအနေနဲ့ ယုံကြည်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့လည်း လွှတ်တော်ကိုယ်စားလှယ်များက ပေးအပ်တဲ့တာဝန်နှင့် လုပ်ငန်းတာဝန် များကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ဥပဒေနှင့်အညီဆောင်ရွက်တဲ့ နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးတင်ပြတဲ့ စွပ်စွဲပြစ်တင်ခြင်းကိစ္စနှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ဆောင်ရွက်ခွင့်ရှိနိုင်ပါတယ်။ သို့ရာတွင် ခေတ္တခဏ စောင့်ဆိုင်းပေးပါ။ ဒီလို မဖြစ်အောင် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပါမယ်။ အချိန်ပေးပါဆိုပြီးတော့ လွှတ်တော် ကိုယ်စားလှယ်များထံ မေတ္တာရပ်ခံပြီး တစ်ဘက်ကို အရုပ်ဆိုးအကျည်းတန်စွာ မဖြစ်ပေါ်ရေးအတွက် ကျွန်တော်ညှိနှိုင်းခဲ့ပြီး ဖြစ်တယ်ဆိုတာလည်း အားလုံးသိမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်သိရှိနိုင်ဖို့အတွက် ကျွန်တော် ရေးသားခဲ့တဲ့ သဝဏ်လွှာကိုလည်း ပြန်လည် ဖတ်ကြားတင်ပြပါမယ်။

သို့

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ **သဝဏ်လွှာပေးပို့ခြင်း**

၁။ သမ္မတကြီးခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ကျေနပ်လက်ခံနိုင်ခဲ့ခြင်းမရှိသဖြင့် သက်ဆိုင်သူများ အားလုံးအတွက် ထိခိုက်နစ်နာမှု အနည်းဆုံးဖြင့် သင့်မြတ်ပြီး တရားနည်းလမ်းကျသော ဆောင်ရွက် ချက်များ ဖြစ်လာစေရန်အတွက် စေတနာကောင်းဖြင့် အကြံပြုပေးပို့ခြင်း ဖြစ်ပါတယ်။

၂။ နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးသို့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ ရက်စွဲပါစာအမှတ်အရ တင်သွင်းခဲ့သော တင်သွင်းလွှာအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်ကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် အများစုဖြစ်သော ကိုယ်စားလှယ်ပေါင်း ၃၀၁ ဦးက ကျေနပ်လက်ခံနိုင် ခြင်းမရှိသည့်အတွက် စွပ်စွဲပြစ်တင်ပြုလုပ်ပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ၂၀၁၂ ခုနှစ်၊

ဩဂုတ်လ ၈ ရက်နေ့တွင် လွှတ်တော်အခွင့်အရေးကော်မတီမှတစ်ဆင့် ဒုတိယအကြိမ် အဆိုပြု တင်ပြလာပါသည်။

၃။ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၆ ရက် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပခဲ့သည့်အချိန်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၉၁ ဦးက လက်မှတ်ရေးထိုး၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ရန် အရေးကြီးအဆိုတင်သွင်းမည်ဖြစ်ကြောင်း လွှတ်တော်အခွင့်အရေးကော်မတီမှတစ်ဆင့် မိမိထံ အသိပေးတင်ပြလာခဲ့ကြပါသည်။ ၎င်းကိစ္စအား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအနေဖြင့် ခေတ္တဆိုင်းငံ့ထားခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအတွင်းရေးမှူးအဖွဲ့တို့ဖြင့် နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတ အဆင်ပြေကျေနပ်မှုရရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်းကို လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးအဖွဲ့များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါသည်။ သက်ဆိုင်သူများဖြင့် သီးခြားတွေ့ဆုံညှိနှိုင်းအဖြေရှာမှုများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ အဆင်ပြေမှုမရှိသေးသဖြင့် လွှတ်တော်ကိုယ်စားလှယ် ၃၀၁ ဦးက လက်မှတ်ရေးထိုးပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ(က) ပုဒ်ခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်း၊ ပုဒ်မခွဲ (င)အရ ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မထမ်းဆောင်နိုင်ခြင်းတို့ကြောင့် စွပ်စွဲပြစ်တင်မှု ပြုလုပ်ရန် တင်ပြလာခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။ မိမိအနေဖြင့် ဤအခြေအနေ၊ ဤအဆင့်သို့ ရောက်ရှိလာခြင်းမရှိဘဲ နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းခဲ့သော တင်သွင်းလွှာအား ပြန်လည်ရုပ်သိမ်းပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်း ၎င်းတို့ ဆန္ဒအလျောက်တာဝန်မှ အနားယူသွားစေရေးတို့ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ မတိုင်မီအပြီး ဆောင်ရွက်သွားခြင်းသည်သာ သင့်လျော်၍ အဆင်ပြေဆုံးဖြစ်သည့် နည်းလမ်းတစ်ခုဖြစ်သည်ဟု ထင်မြင်ယူဆပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်မှုသုံးသပ်ရေးကော်မရှင်အနေဖြင့်လည်း ဤသို့ ဆောင်ရွက်ခြင်းသည်သာ နိုင်ငံတော်နှင့် လွှတ်တော်များ၏ ဂုဏ်သိက္ခာအတွက်လည်းကောင်း၊ သက်ဆိုင်သူအားလုံးအတွက်လည်းကောင်း ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်နိုင်သော သင့်မြတ်ပြီး တရားနည်းလမ်းကျသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း အကြံပြုတင်ပြခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရပ်ရပ်

ကို သိရှိသုံးသပ်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာပေးပို့ပါသည်ဆိုပြီးတော့ ဩဂုတ်လ ၁၈ ရက်နေ့က နိုင်ငံတော်သမ္မတထံ မိမိအနေနဲ့ ဒီလိုတင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီလိုတင်ပြရလဲဆိုရင် လွှတ်တော်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးတင်ပြလာတဲ့ စွပ်စွဲပြစ်တင်ရေးကိစ္စအတွက် ခေတ္တဆိုင်းငံ့ထားပေးပါ။ သက်ဆိုင်ရာနှင့် ညှိနှိုင်းပါမယ်။ သက်ဆိုင်ရာဆိုသည်မှာလည်း နိုင်ငံတော်သမ္မတထံ ညှိနှိုင်းထားပေးပါမယ်။ ခေတ္တစောင့်ဆိုင်းပါ။ သတ်မှတ်ထားတဲ့ရက်မှ မရောက်ဘူးဆိုလို့ ရှိရင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒအတိုင်းသာ ဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြခဲ့တာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုတင်ပြချက်အပေါ် သဝဏ်လွှာအပေါ် ဒီနေ့ မနက် ကျွန်တော့်ထံ ရောက်ရှိခဲ့ပါတယ်။ ဒီအတွက်လည်း စိတ်မကောင်းကြီးစွာ များစွာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနေ့ ဆွေးနွေးမှုနှင့်ပတ်သက်လို့ ဒီနေ့အပြီးဆွေးနွေးပါ။ ဒီနေ့ဆွေးနွေးတဲ့နေရာမှာလည်း တိုတောင်း တိကျပြီးတော့ ဆောင်ရွက်ပါလို့ လွှတ်တော်ကို မေတ္တာရပ်ခံခြင်းဖြစ်ပါတယ်။ အဲဒီလို မေတ္တာရပ်ခံ တင်ပြချက်ရှိနေတဲ့အချိန်မှာပဲ အခုဆွေးနွေးမှုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များဟာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားတဲ့ ကော်မတီများ၊ ကော်မရှင် များ၊ အဖွဲ့များသည် ပြည်ထောင်စုအဖွဲ့အစည်းဖြစ်သည်။ သို့ရာတွင် ပြည်ထောင်စုအဖွဲ့အစည်း အချင်းချင်း လွှတ်တော်အပေါ်ပါ ဒီလို သဘောထားဆောင်ရွက်နေခြင်းဟာ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာ ထိခိုက်နိုင်တယ်ဆိုတဲ့ ဆွေးနွေးမှုများဟာလည်း ဒီနေ့ထပ်မံပေါ်ပေါက်လာပါတယ်။ အဲဒီအတွက် လည်း မိမိလွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ စိတ်မကောင်းဖြစ်မိပါတယ်။ ဥက္ကဋ္ဌတစ်ယောက် အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေး၊ လွှတ်တော်ရဲ့ အခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်။ တာဝန်ရှိတာနဲ့အညီ ဆက်လက်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ တာဝန်ပေးလာလို့ရှိရင်တာဝန်ကို ဥပဒေနှင့်အညီ ကျွန်တော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လည်း လွှတ်တော်ကို တင်ပြလိုပါတယ်။ ဒီနေရာမှာ နိုင်ငံတော်သမ္မတဆီက ပြန်ကြားလာတဲ့အခါမှာ ဒီနည်းလမ်းကိုမသုံးဘဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ဘယ်လောက်ကို ဆောင်ရွက်ခြင်းဖြင့် ဒီနည်းလမ်းကိုကျော်လွှားနိုင်တယ်ဆိုတဲ့အဓိပ္ပာယ်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုက်ပါ။ ဒါဆိုလို့ရှိရင် ဒီဟာကို နည်းလမ်းကိုကျော်လွှားသွားနိုင်လို့ ဒီလိုအဆိုဖြစ်ခြင်းဖြစ်ပါတယ်။ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်အတိုချုပ် ၅ မိနစ်ထက် မပိုသော အချိန်မှာ ကျွန်တော် တင်ပြပါမယ်။ ဒီနေ့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များ ပြီးတဲ့အခါမှာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များအားလုံးဟာ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမှာ ဖြစ်ပါ

တယ်။ ထိုနည်းတူစွာပဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမှာဖြစ်ပါတယ်။ ခုနကလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးတစ်ဦးကလည်း ဆွေးနွေးချက်များဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီညွတ်ဘူးဆိုတာလည်း ထောက်ပြသွားတာရှိပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ ဒီနေ့ လွှတ်တော်အသီးသီးအတွက် ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေထဲမှာ ဘာပါလဲဆိုရင် ပြည်သူ့လွှတ်တော် ဥပဒေပုဒ်မ ၂(ဇ)၊ အမျိုးသားလွှတ်တော်ဥပဒေပုဒ်မ ၂(ဇ)နဲ့ ပြည်ထောင်စုလွှတ်တော်ဥပဒေပုဒ်မ ၂(စ) တို့မှာ လွှတ်တော်များက ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များသည် ပြည်ထောင်စုအဖွဲ့အစည်းဖြစ်သည်လို့တရားဝင်ပြဋ္ဌာန်းထားပါတယ်။ ဒီဟာသည် တည်ဆဲဥပဒေဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ မှာပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း နယကလက်ထက်က ပြဋ္ဌာန်းအတည်ပြုလိုက်သော ပုဒ်မ ၄၄၃၊ ၄၄၄၊ ၄၄၅၊ ၄၄၆ စသဖြင့် အသွင်ကူးပြောင်းကာလမှာ ပြဋ္ဌာန်းလိုက်တဲ့ဒီဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးနောက် ပြဋ္ဌာန်းသကဲ့သို့ ဥပဒေဖြစ်သည်ဆိုတဲ့ဟာ ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ကျွန်တော်တို့တစ်တွေအားလုံး လေးစားလိုက်နာရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ မှာ ဘာထပ်မံပြဋ္ဌာန်းထားသလဲဆိုတဲ့အခါမှာ တည်ဆဲဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်းမရှိသရွေ့အတည်ဖြစ်သည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ဒီနေ့ တည်ဆဲဥပဒေများဟာ အားလုံးအတည်ပဲဖြစ်ပါတယ်။ ဒီတည်ဆဲဥပဒေကို ပြည်ထောင်စုလွှတ်တော်ကသာ ပယ်ဖျက်ခွင့်ရှိပါတယ်။ ပြင်ဆင်ခွင့်ရှိပါတယ်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပြည်ထောင်စုလွှတ်တော်ကသာ ပြဋ္ဌာန်းဆောင်ရွက်တဲ့ ဆောင်ရွက်နိုင်တဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ လွှတ်တော်များက ဖွဲ့စည်းလိုက်သော၊ ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမဟုတ်ကြောင်း ဒီလိုဆုံးဖြတ်ခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာခြင်းမရှိ။ တည်ဆဲဥပဒေများကိုလိုက်နာခြင်းမရှိ။ အဲလိုမရှိတဲ့အတွက် ကိုယ်စားလှယ် ၃၀၁ ဦးက လက်မှတ်ရေးထိုးပြီး စွပ်စွဲပြစ်တင်ဖို့ တင်ပြလာခြင်းဖြစ်တယ်လို့ ဥက္ကဋ္ဌက ဥပဒေနှင့် ဖြစ်စဉ်အကြောင်းအရာတွေယှဉ်တွဲပြီး ဒီလိုပဲ ခံယူထားပါတယ်။

ဒါကြောင့်မို့လို့ နိဂုံးချုပ်တင်ပြချင်တာက နိုင်ငံတော်သမ္မတက သဝဏ်လွှာပေးပို့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများဖြစ်ပါသဖြင့်ဆိုတဲ့နေရာမှာ သီးခြားလွတ်လပ်သောအဖွဲ့အစည်းများဆိုသည်မှာ ဒီနေရာမှာ ယူဆစရာအကြောင်းရှိတာက အုပ်ချုပ်ရေးအဖွဲ့အစည်းကိုလည်း ရည်ညွှန်းနိုင်ပါတယ်။ သို့မဟုတ်လို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေ

ဆိုင်ရာ ခုံရုံးကိုလည်း ရည်ညွှန်းနိုင်ပါတယ်။ သေချာတာကတော့ မိမိတို့လွှတ်တော်က သေချာပါတယ်။ ဒါကြောင့်မို့လို့ သီးခြားလွတ်လပ်သော အဖွဲ့အစည်းဖြစ်ပါသဖြင့် မိမိတို့ရဲ့ဆန္ဒအရ ကြိုက်နှစ်သက်သည့်နည်းလမ်းဆိုသည်မှာလည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆန္ဒလည်း ကျွန်တော်သိပြီးဖြစ်ပါတယ်။ ဒီဆန္ဒကို ငြင်းပယ်ခွင့်မရှိပါဘူး။ ငြင်းပယ်ခွင့်မရှိတဲ့အတွက် ဒီဆန္ဒပေါ်မူတည်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာကိုလည်း ကတိပေးတင်ပြခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်များ အဓိက သုံးသပ်ဆောင်ရွက်ရမယ့်ကိစ္စက ဒီနေ့ နိုင်ငံမှာကျင့်သုံးနေတဲ့ ပါတီစုံဒီမိုကရေစီ ဈေးကွက်စီးပွားရေးစနစ် ဒီဟာကျင့်သုံးဆောင်ရွက်နိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ က အားလုံးပြီးပြည့်စုံ ကောင်းမွန်သောဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ချင်မှဖြစ်မယ်။ သို့ရာတွင် တည်ဆဲဥပဒေကြီးဖြစ်တယ်။ တည်ဆဲဥပဒေကြီးကို လိုက်နာကြလိမ့်မယ်။ လိုက်နာစရာမသင့်သော မထိုက်သော ကိစ္စများကို ကာလတစ်ခုကျရင်ပြင်ဆင်ကောင်း ပြင်ဆင်ရလိမ့်မယ်။ အဲဒီလို ပြင်ဆင်ပြီးတော့မှသာလျှင် အဲဒီဖြစ်ပေါ်လာတဲ့ ဥပဒေပေါ်မူတည်ပြီးတော့ လိုက်နာကျင့်သုံးရမှာဖြစ်ပါတယ်။ ဒီနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆဲဥပဒေရဲ့အဓိကကျတဲ့ ပုဒ်မ ၁၁ (၁) မှာဖော်ပြထားတဲ့ အောက်မှာ ဖော်ပြထားတဲ့အကြောင်းကတော့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများဟာ တတ်နိုင်သမျှပိုင်းခြား၍ ကျင့်သုံးရန်နှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှု ရှိစေရမည်ဆိုတဲ့ ဒီဥပဒေဟာ အင်မတန်မှ လေးနက်ပါတယ်။ လွှတ်တော်အနေနဲ့ ဥပဒေပြုရေးတာဝန်အပြင် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရေးတာဝန်ဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒီလို လွှတ်တော်ကြီးက အမြဲတမ်းဆောင်ရွက်နိုင်မယ့် အနေအထား မရှိပါဘူး။ လွှတ်တော်ကျင်းပနေတဲ့ကာလမှာပဲ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဥပဒေပြုရေးနဲ့ပတ်သက်လို့ရော နောက်တစ်ခါ အချင်းချင်းအပြန်အလှန် ထိန်းညှိပေးတာရော ဒီလို လွှတ်တော်ကျင်းပနေတဲ့ မဟုတ်တဲ့ကာလမှာ ဖွဲ့စည်းထားသောကော်မတီ၊ ကော်မရှင် အဖွဲ့များဟာ ပြည်ထောင်စုအဖွဲ့အစည်းများဖြစ်မှသာ ပြည်ထောင်စုအဖွဲ့အစည်း အချင်းချင်း အပြန်အလှန်ထိန်းကျောင်းနိုင်မယ့်တာဝန်ကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်မဟုတ်ဘူးဆိုလို့ရှိရင် ဘယ်လိုမှထိန်းကျောင်းနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ခုနကပုဏ္ဏားကျွန်းမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ကြီးရယ်၊ ညောင်တုန်းမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ကြီးရယ် ပြောသွားတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဆိုတာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက လက်မခံပစ်ပယ်ပြီး ဆုံးဖြတ်ထားခြင်းသည် သူ့မှာဆုံးဖြတ်ပိုင်ခွင့်မရှိတာကို

ဆုံးဖြတ်တယ်။ ဆုံးဖြတ်တဲ့အခါမှာလည်း မှားယွင်းစွာဆုံးဖြတ်တယ်။ မှားယွင်းစွာဆုံးဖြတ်တဲ့အတွက် ဒီလောက် လွယ်ကူရှင်းလင်းတဲ့ဥပဒေကို ဥပဒေပညာရှင်များနဲ့ ဖွဲ့ထားတဲ့ အဖွဲ့အစည်းက မသိဘူး ဆိုရင် ဥပဒေပညာရှင်များ ဟုတ်ပါလေစ။ ဥပဒေပညာရှင်များဆိုရင်ရော ဆုံးဖြတ်ချက်က မှားယွင်းစွာ ဆုံးဖြတ်ချက် ဖြစ်၊ မဖြစ်ဆိုတာကို သုံးသပ်ဖို့ ရှည်ရှည်ဝေးဝေး စဉ်းစားစရာမလိုပါဘူး။ လွယ်လွယ် ကူကူပဲ ဆုံးဖြတ်လို့ရနိုင်တဲ့ အနေအထားရှိပါတယ်။ အဲဒီမှာမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီလောက်ကို ပြင်ပါ။ ပြင်ရင် အားလုံးလွန်မြောက်သွားပြီးဆိုတဲ့အခါမှာ ပြင်စရာမလို သောကိစ္စကို ဘာလို့ပြင်မှာလဲ။ သူဟာသူအလို အလျောက်တည်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီလိုဖော်ပြထားတယ်။ တည်ဆဲ ဥပဒေမှာလည်း ဒီလိုဖော်ပြထားတယ်။ ဒီလိုဖြစ်ပေါ်လာအောင်လည်း ဘယ်သူကစပြီးတော့ ဖန်တီး သလဲ။ ဒီပေါ်မူတည်ပြီးတဲ့အခါမှာ အဲဒီလို ဖန်တီးတဲ့ဟာတွေကို ပြန်လည်ရုပ်သိမ်းဖို့ ရုပ်သိမ်း လိုက်မယ်ဆိုလို့ရှိရင်တော့ ဒီဟာပြေပျောက်သွားနိုင်မယ်။ တာဝန်မရှိဘဲနဲ့ တာဝန်ရှိတယ်လို့ ဆုံးဖြတ် ထားတဲ့ အဖွဲ့အစည်းတွေကလည်း သူ့ဆုံးဖြတ်ချက်က မှားယွင်းသွားပါတယ်။ ဒါကြောင့်မို့လို့ ဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းပါဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်များ လိုလားချက် အားလုံး ပြည့်စုံပြီးတော့ အထိအခိုက်ဆုံးရှုံးမှုအနစ်နာဆုံး၊ အနည်းဆုံးဖြစ်မယ်ဆိုတဲ့အယူအဆနဲ့ သဝဏ်လွှာ ပေးပို့ထားခြင်းကိုတော့ ဒီလို ပြန်ကြားလာပါပြီ။ ဒါကြောင့်မို့လို့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ လွှတ်တော် ကိုယ်စားလှယ်အသီးသီးဆိုတော့ တပ်မတော်ကိုယ်စားလှယ်များသည်လည်း လွှတ်တော်ကိုယ်စားလှယ် များ ဖြစ်ပါတယ်။ ဒီနေ့ လွှတ်တော်ရဲ့အဓိက ရည်မှန်းချက်၊ အဓိကလိုလားချက်ကတော့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ပြည်ထောင်စုအကျိုးစီးပွားကိုဆောင်ရွက်ဖို့ ပဲဖြစ်ပါတယ်။ ကျွန်တော်ပြောနေကျစကားနဲ့ ပြောမယ်ဆိုရင် လူပုဂ္ဂိုလ်တစ်ဦးအတွက်မဟုတ်ဘူး။ အဖွဲ့အစည်းတစ်ခု အတွက်မဟုတ်ဘူး။ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက်ဖြစ်တယ်။ ဒီထက်ပိုပြီးတော့ ကျွန်တော်ပြောပါသေးတယ်။ ဒါဘာလဲ အုပ်ချုပ်ရေးအဖွဲ့အတွက်လည်း မဟုတ်ဘူး။ အုပ်ချုပ်ရေး အဖွဲ့ကလည်း တကယ်တမ်းကျတဲ့ အခါကျတော့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးစီးပွားအတွက် ပဲ ဖြစ်တယ်။ လွှတ်တော်ရဲ့ ရည်မှန်းချက်တွေလည်းဖြစ်တယ်။ ဒါကြောင့်မို့လို့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့အယူဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ နောက်ထပ်ပြီးတော့ ဖြည့်ပါတယ်။ ဌာနစွဲမထားဘဲနဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက်သာ ဆောင်ရွက်ကြပါစို့လို့ လွှတ်တော်ကိုဒီလို တင်ပြထားတာရှိပါတယ်။ ရှေ့ဆက်သွားမယ့်နေရာမှာလည်း နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုး စီးပွား၊ ပြည်ထောင်စုအကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်ဖို့ဆိုရင် လွှတ်တော်မှာ ထိုက်တန်သော

ဂုဏ်သိက္ခာနှင့် အဆင့်အတန်းရှိဖို့လိုပါတယ်။ ထိုက်တန်သော ဂုဏ်သိက္ခာနှင့် အဆင့်အတန်းမရှိဘူး ဆိုလို့ရှိရင် ကျွန်တော်တို့လုပ်ချင်တဲ့ နိုင်ငံတော်နှင့် နိုင်ငံသား ပြည်ထောင်စုအကျိုးအတွက် ပြည်သူ့ ကိုယ်စားလှယ်များဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်နိုင်စွမ်းရှိမှာမဟုတ်ဘူးဆိုတာကိုလည်း သတိပြုဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သဝဏ်လွှာကို ဝမ်းနည်းစွာလက်ခံပြီး ဒီကိစ္စကို ဒီမှာမတင်ပြလိုပါဘူး။ သို့ရာတွင် သဝဏ်လွှာလာတဲ့အတွက် တင်ပြဖို့အတွက် ကျွန်တော်မှာ တာဝန်ရှိ တဲ့အတွက် တင်ပြခြင်းဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ မတင်ပြလိုသော်လည်း တင်ပြရ၊ လွှတ်တော် ကိုယ်စားလှယ်များ မလုပ်လို့သော်လည်း လုပ်ရမယ့်ကိစ္စအတွက် တင်ပြပါကြောင်း လေးစားစွာ လွှတ်တော်သို့ တင်ပြပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၁) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၀) ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် (အင်္ဂါနေ့) ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၆း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို ၁၆း၁၀ နာရီတွင် ရပ်နားပါသည်။]**